# သက္ကာယဒိဋ္ဌိ

## သိပုံ - ပယ်ပုံ



ဒေါက်တာစိုးလွင် (မန္တလေး)

Generated by CamScanner from intsig.com

" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "

" ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ကို ဤမွေစာစုဖြင့် "

" ရှိသေစွာ ကန်တော့ပါ၏။ "

# သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ

ဒေါက်တာစိုးလွင် (မန္တလေး)

Generated by CamScanner from intsig.com

## ဒေါက်တာ စိုးလွင် (မန္တလေး)

- ၁၉၅၈ ခုနှစ် ဇွန်လ (၃) ရက် အင်္ဂါနေ့တွင် မန္တလေးမြို့၌ အဖ ဦးသန်းအောင် အမိ ဒေါ်ဝင်းမေတို့မှ မွေးဖွားသည်။

- ၁၉၇၅ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို မန္တလေးမြို့ အမှတ် (၉) အထက (ယခင် စိန့်ပီတာ)မှ အောင်မြင်သည်။

- ၁၉၇၆-၈၂ စာသင်နှစ်တွင် ဆေးတက္ကသိုလ် (မန္တလေး)၌ တတ်ရောက်သင်ကြား၍ ဆရာဝန်ဘွဲ့ (M.B,B.S)ကို ရရှိသည်။ ပြင်ပဆေးခန်းဖွင့်၍ ဆေးကုသခြင်းကို လုပ်ကိုင်သည်။

- ၁၉၈၉-၉၀ ခုနှစ်တို့တွင် မင်းကွန်းဆရာတော်ဘုရားကြီး တည်ထောင် ဖွင့်လှစ်ခဲ့သော နန်းရှေ့ မန္တလေး ဇီဝိတသံဃဆေးရုံ၌ တာဝန်ထမ်းဆောင်သည်။

- ၁၉၉၁ ခုနှစ်တွင် မရွှေရည်လှနှင့် အိမ်ထောင်ပြု၍ ထူးရည်လွင် သမီးတစ်ဦးရှိပြီး ယခုအခါ ရန်ကုန်မြို့ (၁၀)မိုင်၊ လေဆိပ်လမ်းသွယ် (၁)တွင် မိသားစုနှင့် အတူ နေထိုင်သည်။

- ၁၉၉၀-၉၁ ခုနှစ်မှ စတင်၍ ဓမ္မစာပေများကို လေ့လာ ဖတ်ရှု ခဲ့သည်။ မင်းကွန်းဆရာတော်ကြီး၊ စွန်းလွန်းဆရာတော်ကြီး၊ ဝေဘူဆရာတော်ကြီး၊ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ တောင်မြို့ မဟာဂန္ဓာရုံ ဆရာတော်ကြီး၊ ပခုက္ကူဆရာတော်ကြီး (အနိစ္စဆရာတော်)၊ ဖားအောက်တောရဆရာတော်ကြီးတို့၏တရားဓမ္မများကို  လေ့လာမှတ်သားခဲ့သည်။ ထို့ပြင် လယ်တီဆရာတော်ကြီး၏ ဒီပနီပေါင်းချုပ်နှင့် ဘုရားရှင် ဟောကြားတော်မူခဲ့သော ဆဋ္ဌသံဂါယနာတင် ပိဋကတ်သုံးပုံ ပါဠိတော် (မြန်မာပြန်) တို့ကို ဆက်လက် ဖတ်ရှု လေ့လာလျှက်ရှိသည်။

Generated by CamScanner from intsig.com

- ၂၀၀၄ ခုနှစ်တွင် စာဓမ္မအမြင်မှ ခန္ဓာဓမ္မအမြင်ရောက်အောင် လက်တွေ့ ဝိပဿနာတရား အလုပ်ကို စတင်၍ နှလုံးသွင်းအားထုတ်သည်။

- ၂၀၀၆ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ သူငယ်ချင်းများကို ဝိပဿနာနှင့် ပတ်သက်သော အခြေခံသဘောတရားများကို စတင် ဆွေးနွေး ပြောကြားသည်။

- ၂၀၀၉ ခုနှစ်တွင် မန္တလေး ဆေးတက္ကသိုလ် (၇၆-၈၂) စာသင် နှစ်၏ (၁၀) ကြိမ်မြောက် အာစရိယပူဇော်ပွဲ၌ (ဓမ္မလမ်းကိုလျှောက်ကြမယ်) ခေါင်းစဉ်ဖြင့် ဓမ္မစာစုကို စတင်ရေးသား၍ ဆရာ ဆရာမတို့ကို ဓမ္မနှင့် ပူဇော်ကန်တော့ရင်း သူငယ်ချင်းတို့ကိုလည်း ဓမ္မလမ်းပေါ်ရောက်အောင် ခေါ်ဆောင်ခဲ့သည်။

- ၂၀၁၀ ခုနှစ်တွင် မန္တလေးနှင့် ရန်ကုန်မြို့တို့၌ မဇ္ဈိမလမ်းကို လျှောက်ကြမယ်၊ မြတ်ဗုဒ္ဓ၏ဝိပဿနာ၊ ပိဋကတ်မှတ်စု၊ ဝိပဿနာ 'ဝလုံးတန်း'၊ ဝိပဿနာအခြေခံနှင့် အလုပ်ပေးတရား၊ အခြေခံဉာဏ်နှစ်ပါးနှင့်အနတ္တ အမြင်၊ သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ စသည်တို့ကို ဝိပဿနာသင်တန်းအတွက် (ဓမ္မလမ်းစာစဉ်များ) အဖြစ်ရေးသားခဲ့သည်။

## မာတိကာ


၁။ စူဠဝေဒလ္လသုတ်
၂။ သက္ကာယဒိဋ္ဌိ
၃။ သိပုံပယ်ပုံ
၄။ ဆိုက်ပုံပွားပုံ
၅။ အတ္တ(၃)မျိုး
၆။ အနတ္တဝေဖန်စီစစ်ပုံ
၇။ ထင်ရှားရှိသောအသံအစုအပေါင်း
၈။ ထင်ရှားရှိသောအနံ့အစုအပေါင်း
၉။ ထင်ရှားရှိသောအရသာအစုအပေါင်း
၁၀။ ထင်ရှားရှိသောအထိအစုအပေါင်း
၁၁။ ထင်ရှားရှိသောသဘောတရားအစုအပေါင်း
၁၂။ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုး
၁၃။ အရှုခံနှင့်အရှုဉာဏ်
၁၄။ ဉပါဒါန်အလိုနှင့်ငါအလို
၁၅။ လောက(၃)ပါး
၁၆။ လောက(၃)ပါးမှလွတ်မြောက်မှု
၁၇။ ထင်ရှားရှိသောအာရုံ
၁၈။ မိမိကိုယ်နှင့်အာရုံ
၁၉။ ဝေဒနက္ခန္ဓာနှင့် သက္ကာယဒိဋ္ဌိ
၂၀။ သညာက္ခန္ဓာနှင့် သက္ကာယဒိဋ္ဌိ
၂၁။ သင်္ခါရက္ခန္ဓာနှင့် သက္ကာယဒိဋ္ဌိ


Generated by CamScanner from intsig.com

၂၂။ ဝိညာဏက္ခန္ဓာနှင့် သက္ကာယဒိဋ္ဌိ
၂၃။ မီးသွေးဥပမာ
၂၄။ မြေအိုးဥပမာ
၂၅။ ငါသုံးငါ
၂၆။ အတ္တအမှောင်မှ အနတ္တအလင်းဆီသို့
၂၇။ အနတ္တအမြင်နှင့် နိဗ္ဗာန်မုဒ်ဦး
၂၈။ အသစ်ဖြစ်မှု (သို့မဟုတ်) အစားထိုးမှု
၂၉။ ဝိပလ္လာသ(၃)ပါး
၃၀။ သက္ကာယဒိဋ္ဌိသိပုံပယ်ပုံ
၃၁။ ကာမသညာသိပုံပယ်ပုံ
၃၂။ သုခဝေဒနာ နှင့် ဒုက္ခဝေဒနာ
၃၃။ သင်္ခါရဒုက္ခအပြည့်အစုံသိပုံ





## စူဠဝေဒလ္လသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်- အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့ကို အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဝိသာခ·ဥပါသကာသည် ဓမ္မဒိန္နာရဟန်း မိန်းမထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာရှိခိုး၍ သင့်လျော်သော နေရာ၌ထိုင်လျက် ဤစကားကို ပြောဆို၏ -

အသျှင်မ "သက္ကာယ သက္ကာယဟု ဆို၏၊ အသျှင်မ အဘယ်ကို သက္ကာယဟု မြတ်စွာဘုရားဟောထားပါသနည်း"ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤဥပါဒါနက္ခန္ဓာ (စွဲလမ်းဖွယ်ခန္ဓာ) ငါးပါးတို့ကို သက္ကာယဟု မြတ်စွာဘုရားဟောတော်မူ၏။ အဘယ်ငါးပါးတို့နည်းဟူမူ- ရူပုပါဒါနက္ခန္ဓာ (ရုပ်ဟူသော စွဲလမ်းဖွယ်ခန္ဓာ)၊ ဝေဒနုပါဒါနက္ခန္ဓာ (ခံစားမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ)၊ သညုပါဒါနက္ခန္ဓာ (မှတ်သားမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ)၊ သင်္ခါရုပါဒါနက္ခန္ဓာ (ပြုစီရင်မှုဟူသော စွဲလမ်းဖွယ်ခန္ဓာ)၊ ဝိညာဏုပါဒါနက္ခန္ဓာ (အထူးသိမှုဟူသော စွဲလမ်းဖွယ်ခန္ဓာ) တို့တည်း။ ဒါယကာဝိသာခ ဤဥပါဒါနက္ခန္ဓာ (စွဲလမ်းဖွယ်ခန္ဓာ)ငါးပါးတို့ကို သက္ကာယဟု မြတ်စွာဘုရားဟောတော်မူ၏ဟု (မိန့်ဆို၏)။

အသျှင်မ အဘယ်ကို သက္ကာယဖြစ်ပေါ်ကြောင်းဟု မြတ်စွာဘုရားဟောတော်မူပါသနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော နှစ်သက်တပ်စွန်းမှု 'နန္ဒီရာဂ'နှင့် တစ်ကွဖြစ်သော ထိုထိုဘုံဘဝ၌ အလွန်နှစ်သက်

Generated by CamScanner from intsig.com

တတ်သော ကာမဂုဏ်ကို တပ်မက်မှု 'ကာမတဏှာ'၊ ဘုံဘဝကို တပ်မက်မှု 'ဘဝတဏှာ'၊ ဘုံဘဝကင်းပြတ်မှုကို တပ်မက်မှု 'ဝိဘဝတဏှာ'၊ ဤတပ်မက်မှု 'တဏှာ'ကို သက္ကာယဖြစ်ပေါ်ကြောင်းဟု မြတ်စွာဘုရား ဟောတော်မူ၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်ကို သက္ကာယချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ထိုတပ်မက်မှု 'တဏှာ'၏သာလျှင် အကြွင်းမဲ့ တပ်စွန်းခြင်း ကင်းသောအားဖြင့် ချုပ်ရာ, စွန့်လွှတ်ရာ, တစ်ဖန် စွန့်လွှတ်ရာ, လွတ်မြောက်ရာ, တွယ်တာကပ်ငြိမှု မရှိရာ (နိဗ္ဗာန်)ကို သက္ကာယချုပ်ရာဟု မြတ်စွာဘုရား ဟောတော်မူ၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်ကို သက္ကာယချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်း အကျင့်ဟု မြတ်စွာဘုရား ဟောတော်မူပါသနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ကိုပင်လျှင် သက္ကာယချုပ်ရာ (နိဗ္ဗာန်)သို့ရောက်ကြောင်းအကျင့်ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ဤမဂ်ဟူသည် မှန်သောအယူ 'သမ္မာဒိဋ္ဌိ'၊ မှန်သောအကြံ အစည် 'သမ္မာသင်္ကပ္ပ'၊ မှန်သောစကား 'သမ္မာဝါစာ'၊ မှန်သောအမှု 'သမ္မာ ကမ္မန္တ'၊ မှန်သောအသက်မွေးမှု 'သမ္မာအာဇီဝ'၊ မှန်သောအားထုတ်မှု 'သမ္မာဝါယာမ'၊ မှန်သောအောက်မေ့မှု 'သမ္မာသတိ'၊ မှန်သောတည်ကြည်မှု 'သမ္မာသမာဓိ' ပေတည်းဟု (မိန့်ဆို၏)။

"အသျှင်မ ထိုစွဲလမ်းမှု 'ဥပါဒါန်'သည်ပင်လျှင် ထိုစွဲလမ်းဖွယ် ခန္ဓာ (ဥပါဒါနက္ခန္ဓာ) ငါးပါးတို့လော၊ သို့မဟုတ် စွဲလမ်းမှု 'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာ (ဥပါဒါနက္ခန္ဓာ) ငါးပါးတို့မှ တစ်ခြားလော"ဟု (လျှောက်၏)။



ဒါယကာဝိသာခ ထိုစွဲလမ်းမှု 'ဥပါဒါန်'သည်ပင်လျှင် ထိုစွဲလမ်းဖွယ် ခန္ဓာ (ဥပါဒါနက္ခန္ဓာ) ငါးပါးတို့ မဟုတ်ကုန်၊ စွဲလမ်းမှု 'ဥပါဒါန်'သည် စွဲလမ်းဖွယ် ခန္ဓာ (ဥပါဒါနက္ခန္ဓာ)ငါးပါးတို့မှ တစ်ခြားလည်းမဟုတ်။ ဒါယကာဝိသာခ စွဲလမ်းဖွယ်ခန္ဓာ (ဥပါဒါနက္ခန္ဓာ)ငါးပါးတို့၌ လိုချင်တပ်မက်မှု 'ဆန္ဒရာဂ'သည် စွဲလမ်းဖွယ်ခန္ဓာ (ဥပါဒါနက္ခန္ဓာ)ငါးပါးတို့၌ စွဲလမ်းမှု 'ဥပါဒါန်'မည်၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်သို့ သက္ကာယဒိဋ္ဌိ ဖြစ်သနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤလောက၌ အရိယာတို့ကို ဖူးမြင်လေ့မရှိသော, အရိယာတရား၌ မကျွမ်းကျင်သော, အရိယာတရား၌ မယဉ်ကျေးသော၊ သူတော်ကောင်းတို့ကို ဖူးမြင်လေ့မရှိသော, သူတော်ကောင်းတရား၌ မကျွမ်း ကျင်သော, သူတော်ကောင်းတရား၌ မယဉ်ကျေးသော, အကြားအမြင် မရှိသော ပုထုဇဉ်သည် ရုပ်ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟုငှင်း၊ အတ္တ၌ ရုပ်ဟုငှင်း၊ ရုပ်၌ အတ္တဟုငှင်း ရှု၏။ ခံစားမှု 'ဝေဒနာ'ကို။ပ။ မှတ်သားမှု 'သညာ'ကို။ပ။ ပြုစီရင်မှု 'သင်္ခါရ'တို့ကို။ပ။ အထူးသိမှု 'ဝိညာဉ်' ကို အတ္တဟု ရှု၏၊ (ကြွင်းခန္ဓာကို) အထူးသိမှု 'ဝိညာဉ်' ရှိသော အတ္တဟုငှင်း၊ အတ္တ၌ အထူးသိမှု 'ဝိညာဉ်'ဟုငှင်း၊ အထူးသိမှု 'ဝိညာဉ်'၌ အတ္တဟုငှင်း ရှု၏။ ဝိသာခ ဤသို့လျှင် သက္ကာယဒိဋ္ဌိ ဖြစ်၏ဟု (မိန့်ဆို၏)။

"အသျှင်မ အဘယ်သို့လျှင် သက္ကာဒိဋ္ဌိ မဖြစ်သနည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ ဤလောက၌ အကြားအမြင်ရှိသော မြတ်စွာဘုရား၏ တပည့်သာဝကသည် ရုပ်ကို အတ္တဟု မရှု၊ (ကြွင်းခန္ဓာကို) ရုပ်ရှိသော အတ္တဟု မရှု၊ အတ္တ၌ ရုပ်ဟု မရှု၊ ရုပ်၌ အတ္တဟု မရှု။ ခံစားမှု 'ဝေဒနာ'ကို။ပ။ မှတ်သားမှု 'သညာ'ကို။ပ။ ပြုစီရင်မှု 'သင်္ခါရ'တို့ကို။ပ။ အထူးသိမှု 'ဝိညာဉ်'ကို အတ္တဟု

Generated by CamScanner from intsig.com

မရှု (ကြွင်းခန္ဓာကို) အထူးသိမှု 'ဝိညာဉ်'ရှိသော အတ္တဟု မရှု။ အတ္တ၌ အထူးသိမှု 'ဝိညာဉ်'ဟု မရှု၊ အထူးသိမှု 'ဝိညာဉ်'၌ အတ္တဟု မရှု။ ဒါယကာဝိသာခ ဤသို့လျှင် သက္ကာယဒိဋ္ဌိ မဖြစ်ဟု (မိန့်ဆို၏)။

"အသျှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း" ဟု (လျှောက်၏)။

ဒါယကာဝိသာခ မှန်သောအယူ 'သမ္မာဒိဋ္ဌိ'။ပ။ မှန်သော တည်ကြည်မှု 'သမ္မာသမာဓိ' ပေတည်း။ ဤသည်ပင်လျှင် မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်တည်းဟု (မိန့်ဆို၏)။

"အသျှင်မ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် အပြုအပြင်ခံ 'သင်္ခတ' တရားလော၊ သို့မဟုတ် အပြုအပြင်ခံ မဟုတ်သော 'အသင်္ခတ' တရားလော" ဟု (လျှောက်၏)။

ဒါယကာဝိသာခ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် အပြု အပြင်ခံ 'သင်္ခတ' တရားပေတည်းဟု (မိန့်ဆို၏)။

စူဠဝေဒလ္လသုတ် (ပိဋကတ် - မြန်မာပြန်) မှ ကောက်နုတ်ချက် ဖြစ်ပါသည်။

### " သက္ကာယဒိဋ္ဌိ"

သက္ကာယဒိဋ္ဌိသည် ခန္ဓာငါးပါးအပေါ်တွင် အယူမှားခြင်းဖြစ်သည်။

ခန္ဓာတစ်ပါးအပေါ်တွင် (၄)မျိုး အယူမှားသဖြင့် ခန္ဓာငါးပါးအပေါ်၌ သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပေါ်ရသည်။ ဥပမာ -

၁။ ရုပ်သည် အတ္တဖြစ်၏။ (ရုပ်နှင့် အတ္တကို အတူတူယူ၏။)

၂။ ရုပ်ရှိသော အတ္တဖြစ်၏။ (သစ်ပင်မှာ အရိပ်ရှိသကဲ့သို့ အတ္တမှာ ရုပ်ရှိ၏ဟု ယူ၏။)



၃။ အတ္တ၌ ရုပ်ရှိ၏။ (ပန်းပွင့်၌ အနံ့ရှိသကဲ့သို့ အတ္တ၌ ရုပ်ရှိ၏ဟုယူ၏။)

၄။ ရုပ်၌ အတ္တရှိ၏။ (ကြုတ်၌ ပတ္တမြားရှိသကဲ့သို့ ရုပ်၌ အတ္တရှိ၏ဟုယူ၏)

အထက်ပါအတိုင်း ရုပ်အပေါ်တွင် အယူလေးမျိုးပြားသကဲ့သို့ ဝေဒနာ၌၄င်း၊ သညာ၌၄င်း၊ သင်္ခါရ၌၄င်း၊ ဝိညာဏ်၌၄င်း လေးမျိုးစီ အသီးသီးယူနိုင်သောကြောင့် သက္ကာယဒိဋ္ဌိ (၂၀)ဖြစ်ပေါ်ရလေသည်။ ထို့ပြင် ရုပ်သည် အတ္တဖြစ်၏ဟု ရုပ်နှင့်အတ္တကို အတူတူယူထားသောကြောင့် ရုပ်သေလျှင် အတ္တပါသေ၏။ ထိုအခါ ဒီဘဝ ဒီရုပ်ခန္ဓာသေလျှင် (ပြတ်တယ်) စဲတယ်ဆိုသော ဥစ္ဆေဒဒိဋ္ဌိအယူဖြစ်ပေါ်လာသည်။ ရုပ်နှင့်အတ္တကို တစ်ခြားစီယူသောအခါ ရုပ်သေပါက အတ္တသည်မသေပဲ နောက်ဘဝ နောက်ခန္ဓာထဲသို့ဝင်ပြီး ဆက်လက်တည်မြဲနေသည်ဟုယူသောကြောင့် ခိုင်တယ် (မြဲတယ်) ဆိုသော သဿတဒိဋ္ဌိအယူ ဖြစ်ပေါ်လာလေသည်။

သက္ကာယဒိဋ္ဌိ၏ အဓိပ္ပါယ်တွင် 'သ'သည် အထင်အရှားရှိသော အရှိတရား (ရုပ်နာမ်)ဖြစ်၍ 'ကာယ'သည် အစုအပေါင်းဖြစ်ပါသည်။ 'ဒိဋ္ဌိ'သည် ရုပ်နာမ်အရှိတရားအပေါ်တွင် ငါကောင်၊ အသက်ကောင်၊ အတ္တကောင်ဟု အယူမှားခြင်းဖြစ်သည်။ ထိုကြောင့် သက္ကာယဒိဋ္ဌိ၏ အဓိပ္ပါယ်သည် အထင်အရှားရှိသော ရုပ်နာမ်အစုအပေါင်း (သက္ကာယ) အပေါ်တွင် ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းမရှိပဲ (မရှိတရား)ဖြစ်သော ငါကောင်၊ အသက်ကောင်၊ အတ္တကောင်ကို (အရှိတရား)အဖြစ် အခိုင်အမာ အနှစ်သာရပြု၍စွဲယူပြီး အယူမှားခြင်း (ဒိဋ္ဌိ)ဖြစ်ပေါ်ရလေသည်။

ဥပမာ - ရန်ကုန်၊ မန္တလေးမြို့တို့၏ လမ်းဆုံတို့တွင် မီးပွိုင့်များရှိကြပါသည်။ ယင်းမီးပွိုင့်တို့တွင် မီးအချက်ပြ ဂဏန်း နံပါတ်များပေါ်ကြပါသည်။ အင်္ဂလိပ်အက္ခရာဖြင့် (1,2,3) တစ်နှစ်သုံးစသည်ဖြင့် သိမြင်ကြပါသည်။

Generated by CamScanner from intsig.com

သို့သော် အမှန်တကယ်တွင် (1,2,3) တစ်နှစ်သုံး တကယ်မရှိပါ။ ယင်းမီးပွိုင့်တွင် အမှန်တကယ် ထင်ရှားရှိသောအရာမှာ အလင်းကြောင့် ဖြစ်ပေါ်နေသော (အဆင်း)ရုပ် အစုအပေါင်းသာဖြစ်ပါသည်။ အဆင်းသည် တစ် (1)ပုံစံ မီးလုံး အလင်းများ စုပေါင်းဖွဲ့စည်းထားခြင်း (Grouping)သာ ဖြစ်သည်။ တကယ် တစ် (1)မရှိပါ။ တကယ်ထင်ရှားရှိသည်မှာ (အဆင်း) အစုအပေါင်းသာ ဖြစ်သည်။ သမုတိနယ်တွင် ယင်းကို ခေါ်ဝေါ်သုံးစွဲရန်အတွက် တစ်(1)ဟု အမည်ပေးရုံသာ ပညတ်ထားခြင်းဖြစ်ပါသည်။ ပရမတ်နယ်တွင် တစ် (1) တကယ်မရှိပါ။

သို့သော် မြင်သူသည် တကယ်ထင်ရှားရှိသော (အဆင်း)ရုပ် အစုအပေါင်းကို မသိမြင်ဘဲ တကယ်မရှိသော တစ် (1)ကိုသာ စွဲစွဲမြဲမြဲ အမှန်တကယ်ရှိသည်ဟု အခိုင်အမာ အနှစ်သာရပြု၍ စွဲယူထားခြင်းကြောင့် အယူမှားခြင်း (ဒိဋ္ဌိ) ဖြစ်ပေါ်ရလေသည်။

**" သိပုံ ပယ်ပုံ "**

ထိုကဲ့သို့ အမှန်တကယ် ထင်ရှားသော အဆင်းရုပ်အစုအပေါင်း (သက္ကာယ)ကို သိမြင်ပြီး တစ်(1)သည် တကယ်မရှိသော်လည်း ခေါ်ဝေါ်သုံးစွဲရန်အတွက် အသုံးပြုရသော (အမည်)ပညတ်မျှသာဖြစ်သည်ကို ဉာဏ်ဖြင့် ပိုင်းခြားသိမြင်ပြီး ကိုယ်တိုင်နားလည် ဆုံးဖြတ်ချက်ချကာ ဘဝင်ကျကျလက်ခံနိုင်ပါက (ဒိဋ္ဌိ)ကို ဉာတပရိညာ (အသိ)ဖြင့် ပယ်နိုင်လေသည်။

**" ဆိုက်ပုံ ပွားပုံ "**

ယင်းကဲ့သို့ သက္ကာယနှင့် ဒိဋ္ဌိကို ပိုင်းခြားသိမြင်ပြီး ဉာဏ်ဖြင့် တဒင်္ဂ ပယ်နိုင်ပါက တဒင်္ဂနိရောဓဆိုက်သည်။ တဒင်္ဂနိရောဓမှ ဝိက္ခမ္ဘနပဟာန်ဖြင့် ခပ်ကြာကြာပယ်နိုင်ရန် ယင်းအဆင်းရုပ်အပေါ်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ



လက္ခဏာဝင်၍ ပွားများအားထုတ်ရသည်။ ထိုနောက် ဝိပဿနာဉာဏ်များ ရင့်ကျက်ပြည့်စုံလာသောအခါ ဥပစာရသမာဓိမှ အပ္ပနာသမာဓိ (ဈာန်) အထိ ဆိုက်ရောက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုကာ ဒိဋ္ဌိကို အပြီးတိုင် အကြွင်းအကျန်မရှိ သမုစ္ဆေဒပဟာန်ဖြင့် ပယ်နိုင်ပေမည်။

**" အတ္တ (၃) မျိုး "**

အတ္တသည် ဒိဋ္ဌိနှင့်စွဲသောအတ္တ၊ တဏှာနှင့်စွဲသောအတ္တ၊ မာနနှင့် စွဲသောအတ္တဟူ၍ သုံးမျိုးရှိသည်။ ဒိဋ္ဌိနှင့်စွဲသော အတ္တမှာ ထင်ရှားရှိသော ရုပ်နာမ် အရှိတရားအပေါ်တွင် အမြဲရှိတယ် (နိစ္စ)၊ ချမ်းသာတယ် (သုခ)၊ အခိုင်အမာ အနှစ်သာရရှိတယ် (အတ္တ)လို့ အယူမှားနေခြင်းဖြစ်သည်။

ဥပမာ မီးပွိုင့်တွင် ထင်ရှားရှိသော အဆင်း(ရုပ်) အစုအပေါင်း အပေါ်တွင် တစ်(1)လို့ အယူမှားခြင်းသည် နာမည် ပညတ်ကို တကယ့် အရှိတရားအနေဖြင့် အခိုင်အမာ အနှစ်သာရပြု၍ ယူခြင်းဖြစ်သည်။

ပညတ်အပေါ်တွင် အခိုင်အမာ စွဲယူနေသော အယူမှားကိုပယ်နိုင်သောအခါ ထင်ရှားရှိသော အဆင်းအစုအပေါင်းကို သိမြင်ပြီး သမုတိနယ် (ပညတ်) လောကမှ လွန်မြောက်ကာ ပရမတ်နယ် (သဘာဝ)လောကသို့ ရောက်၏။ သို့သော် သဘာဝတွင် ထင်ရှားရှိသော အဆင်း (ရုပ်)အစု အပေါင်းကို ဒြပ်၊ ဝတ္ထုပြု၍ အမြဲရှိသည့်သဘော၊ အခိုင်အမာ အနှစ်အသား ရှိသည့်သဘောအနေဖြင့် စွဲယူကာ သိမြင်နေသေး၏။ ယင်းသည် (ရုပ်)အပေါ်တွင်ရှိနေသော အတ္တ၏သဘောဖြစ်သည်။ ထို့ကြောင့် ပရမတ်ဖြစ်သော အဆင်း (ရုပ်) အစုအပေါင်းအပေါ်တွင် အမြဲ မရှိသည့်သဘော၊ အခိုင်အမာ အနှစ်သာရ မရှိသည့်သဘောသို့ ဉာဏ်အမြင်ရောက်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို ဆင်ခြင် နှလုံးသွင်းရခြင်းဖြစ်လေသည်။

Generated by CamScanner from intsig.com

ထိုအခါ မျက်စိနှင့် အဆင်းတိုက်မှုက (အကြောင်း)၊ မြင်စိတ်ဖြစ်ပေါ်မှုက (အကျိုး)ဆိုပြီး ပရမတ် အကြောင်းအကျိုးကို ပဋိစ္စသမုပ္ပါဒ်အားဖြင့်ဆင်ခြင်၍ အတ္တအယူကိုပယ်ကာ အနတ္တအမြင် ဆိုက်အောင်နှလုံးသွင်းရလေသည်။ ထိုသို့နှလုံးသွင်းရင်း အနတ္တလက္ခဏာကို ထိုးထွင်းသိမြင်ကာ အတ္တဒိဋ္ဌိပယ်နိုင်သည်အထိ ပွားများ အားထုတ်ရခြင်းဖြစ်သည်။

**“ အနတ္တ ဝေဖန်စိစစ်ပုံ”**

အဆင်းသည် (အာရုံ) ဖြစ်၍ မျက်စိသည် (ဒွါရ) ဖြစ်သည်။ အာရုံနှင့် ဒွါရ တိုက်မှုဆိုသော (အကြောင်းတရား)ရှိပါက စက္ခုဝိညာဏ် (မြင်စိတ်) ဆိုသော (အကျိုးတရား)သည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်နေ၏။ ယင်းကိစ္စတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု မပါဝင်ချေ။ အာရုံ၊ ဒွါရတိုက်သော အကြောင်းတရားနှင့် အကျိုးတရား ဝိညာဏ်မျှသာ ပါဝင်သော ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဓမ္မအစဉ်သာဖြစ်သည်ကို နှလုံးသွင်းပွားများရင်း ဉာဏ်ရင့်လာသောအခါ ထိုးထွင်း သိမြင်သွားလေသည်။

ယင်းကဲ့သို့ နှလုံးသွင်းပွားများခြင်းသည် ဝိပဿနာ သမ္မာသင်္ကပ္ပဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု မပါဝင်ပဲ ရုပ်နာမ် အကြောင်းအကျိုးဆိုသော ဓမ္မသဘောမျှသာဖြစ်သည်ကို အနတ္တအမြင်ဖြင့် အမှန်အတိုင်း ဆုံးဖြတ်ချက်ချနိုင်ပါက သမ္မာဒိဋ္ဌိဖြစ်ပေမည်။

သမ္မာဒိဋ္ဌိဖြစ်သောအခါ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အာရုံနှင့်ဒွါရ အကြောင်းတိုက်ဆိုင်မှ ဖြစ်ပေါ်လာသော ထင်ရှားရှိသည့် ရုပ်နာမ် ပရမတ်သဘာဝအပေါ်တွင် ပုဂ္ဂိုလ်၊ သတ္တဝါပြုကာ အခိုင်အမာ အနှစ်သာရအနေဖြင့် စွဲယူထားသော အတ္တဒိဋ္ဌိကို ပယ်ပြီး ဒိဋ္ဌိချုပ်ရာ (နိရောဓ)ဆိုက်သည်အထိ မဂ္ဂင်တရားတို့ကို နှလုံးသွင်း ပွားများအားထုတ်နိုင်ကြပေမည်။



အနတ္တကို ဝေဖန်စိစစ်ရာတွင် ရုပ်ကိစ္စ နာမ်ကိစ္စ (ယနပြုခြင်း) အားဖြင့်၄င်း၊ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးအားဖြင့်၄င်း၊ အနတ္တလက္ခဏာအားဖြင့်၄င်း ဝေဖန်သိမြင်နိုင်ပါသည်။

**“ ထင်ရှားရှိသော အသံအစုအပေါင်း”**

စကားပြောခြင်း၊ တရားဟောခြင်း၊ ပဌာန်းရွတ်ခြင်း၊ သီချင်းဆိုခြင်း၊ တီးလုံးသံ၊ ကားသံ၊ ဟွန်းသံ စသည်တို့သည် ထင်ရှားရှိသော အသံအစုအပေါင်း (သက္ကာယ)တို့သာ ဖြစ်ကြပါသည်။ ထိုအသံ အစုအပေါင်းတို့၏ ဖွဲ့စည်းမှု ပြောင်းနေခြင်းကိုပင် သီချင်းဆိုသည်ဟု နာမည်ပေး (ပညတ်) တင်ထားခြင်းသာဖြစ်ပါသည်။ သို့သော် အသံပရမတ်အပေါ်တွင် သီချင်း (ပညတ်) အားဖြင့် အမှန်တကယ်ရှိတယ်လို့ အခိုင်အမာသဘော စွဲယူထားခြင်းသည် အယူမှားခြင်း (ဒိဋ္ဌိ) ဖြစ်ပါသည်။ အရှိတရားဖြစ်သော ပရမတ်သဘာဝတွင် သီချင်းတကယ်မရှိပါ။ တကယ်ထင်ရှားရှိသည်မှာ အသံ (ရုပ်) အစုအပေါင်းသာဖြစ်ပါသည်။

အသံဆိုသော (သဒ္ဒါရုံ)နှင့် နားအကြည်ဆိုသော (သောတပသာဒ)တို့ ထိတွေ့မှု အကြောင်းကြောင့် ကြားစိတ်ဆိုသော (သောတဝိညာဏ်)အကျိုးတရားဖြစ်ပေါ်သည်။ ယင်းသည် ပဋိစ္စသမုပ္ပါဒ်ဟုခေါ်သော အကြောင်းအကျိုး ဓမ္မဖြစ်စဉ် တစ်ခုသာဖြစ်သည်။ သို့သော် ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင် မရှိသောကြောင့် အသံသည် အာရုံ (ရုပ်)အနေဖြင့် ကျေးဇူးပြုခြင်းဖြစ်ပြီး သီချင်းဟု မှတ်သားထားသော သညာ (နာမ်)သည် သူ့သဘော သူဆောင်ကာ ဖြစ်ပေါ်လာသည်ဟု မသိမြင်နိုင်ပေ။ ထိုကြောင့် ပဋိစ္စသမုပ္ပါဒ် ဉာဏ်အမြင်ရှိပါက အသံ (သဒ္ဒါရုံ)နှင့် မှတ်သားမှု(သညာ)ဖြစ်သော ရုပ်နာမ် အစုအပေါင်းပေါ်တွင် “ငါသီချင်းကို ကြားတယ်”ဟု ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု

Generated by CamScanner from intsig.com

ပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူထားသော အတ္တဒိဋ္ဌိကို အကြောင်းတိုက်ဆိုင်တုန်းခဏသာဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်နေသော ရုပ်နာမ် အကြောင်းအကျိုးအနေဖြင့် အနတ္တအမြင် ဆိုက်အောင် ဆင်ခြင်နှလုံးသွင်း ပွါးများနိုင်ပေမည်။

**"ထင်ရှားရှိသော အနံ့အစုအပေါင်း"**

နှင်းဆီနံ့၊ စပါယ်နံ့၊ ရေမွှေးနံ့၊ ဒူရင်းသီးနံ့၊ ညှော်နံ့၊ အပုတ်နံ့၊ အမိုက်နံ့၊ အိမ်သာနံ့စသည့်တို့သည် ထင်ရှားရှိသော အနံ့အစုအပေါင်းတို့၏ ဖွဲ့စည်းမှု ပြောင်းနေခြင်းသဘောသာဖြစ်သည်။ သို့သော် ယင်းတို့အပေါ်တွင် ခေါ်ဝေါ် ဆက်ဆံရန်အတွက် နာမည်ပေး (ပညတ်) တင်ထားခြင်းကို မသိမြင်တော့ပဲ တကယ်အစစ်အမှန် ရေမွှေးရှိတယ်လို့ အနံ့ပရမတ်အပေါ်တွင် ပညတ်အားဖြင့် အခိုင်အမာ စွဲယူနေခြင်းသည် အယူမှား (ဒိဋ္ဌိ) ဖြစ်လေသည်။

အနံ့သည် အာရုံ (ဂန္ဓာရုံ)မျှသာဖြစ်သည်။ ကောင်းသောအနံ့ (အာရုံ)က ကျေးဇူးပြုလျှင် သုခဝေဒနာဖြစ်ပေါ်၏။ မကောင်းသောအနံ့ (အာရုံ)က ကျေးဇူးပြုလျှင် ဒုက္ခဝေဒနာဖြစ်ပေါ်၏။ အနံ့ (အာရုံ)နှင့်အကြောင်းတိုက်ဆိုင်ခိုက်သာ ဝေဒနာတို့သည် ဖြစ်ပေါ်ကြ၍ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်ကြ၏။ အကြောင်းအကျိုးအားဖြင့် သူသဘောသူဆောင်ပြီး ဖြစ်ပေါ်နေကြသော ရုပ်နာမ်ဓမ္မ အစုအပေါင်းမျှသာဖြစ်သည်။ ယင်းတို့တွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအနေဖြင့် (အတ္တ) ပြုနိုင်လောက်သော အခိုင်အမာ အနှစ်သာရ သဘောမျိုးသည် အဏုမြူမျှ မရှိပါ။ ထိုသို့ သိမြင် ပါက သက္ကာယ ဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့ကို ပယ်ရှားနိုင်ပေမည်။



**"ထင်ရှားရှိသော အရသာအစုအပေါင်း"**

ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်တီ၊ မုန့်ဟင်းခါး၊ ထမင်း၊ ဟင်းစသည်တို့သည် ယင်းတို့တွင် ပါဝင်သောပစ္စည်းတို့၏ အရသာအစုအပေါင်းသာဖြစ်ပါသည်။ သို့သော် ထိုအရသာ အစုအပေါင်းဖြစ်သော ကော်ဖီမှုန့်၊ နို့ဆီ၊ သကြား၊ ရေနွေးစသည့် အစုအပေါင်း၏ အရသာကိုပင် ကော်ဖီဟု အမည်ပေး (ပညတ်) ထားခြင်းသာ ဖြစ်သော်လည်း ကော်ဖီ တကယ်ရှိသည်ဟု အခိုင်အမာ စွဲယူနေခြင်းသည် ဒိဋ္ဌိဖြစ်လေသည်။ အမှန်တကယ် ထင်ရှားရှိသည်မှာ အရသာ အစုအပေါင်း (သက္ကာယ)သာဖြစ်ပါသည်။

လျှာသည် အရသာကိုသာ သိပါသည်။ ကော်ဖီ လက်ဖက်ရည် မသိပါ။ ရသာရုံ(ရုပ်)က ကျေးဇူးပြုသောကြောင့် ဝေဒနာဖြစ်ပေါ်သည်ဟု ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို သိမြင်သောဉာဏ် မရှိသောကြောင့် (ရသာရုံ)က ကော်ဖီဖြစ်၍ (ဝေဒနာ)က ငါဖြစ်တော့သည်။ ထိုအခါ ရုပ်နာမ်သဘော အပေါ်တွင် ငါနှင့် ကော်ဖီအဖြစ် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု ပြု၍ အခိုင်အမာ အနှစ်သာရသဘောမျိုး အယူမှားကာ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့ ဖြစ်ပေါ်လေသည်။

**"ထင်ရှားရှိသော အထိအစုအပေါင်း"**

မာခြင်း၊ ပျော့ခြင်း (ပထဝီ)၊ ပူခြင်း၊ အေးခြင်း (တေဇော)၊ ထောက်ကန်ခြင်း၊ တွန်းတိုးခြင်း (ဝါယော) စသည်တို့သည် အထိအစုအပေါင်း (သက္ကာယ)သာဖြစ်ပါသည်။ သို့သော် ခွက်ကိုလက်နှင့် ကိုင်ခြင်းတွင် ထင်ရှားရှိသော အထိ (ရုပ်) အစုအပေါင်းကို သတိမမူပဲ ငါ့လက်နဲ့ ခွက်ကို ကိုင်သည်၊ မသည်ဟုသာ သိကြသဖြင့် သက္ကာယကို စွဲမှီပြီး ဒိဋ္ဌိအယူ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

Generated by CamScanner from intsig.com

အမှန်တကယ်တွင် ခွက်နှင့်လက်သည် အမည်ပေးထားသော ပညတ်မျှသာဖြစ်သည်။ ခွက်သည် ပုံသဏ္ဍာန်ကို နာမည်ပေး (ပညတ်) ထားခြင်းသာဖြစ်သည်။ ခွက်ကိုကိုင်လျှင် ခွက်သည် ထင်ရှားမရှိပါ။ မာခြင်း ပူခြင်း ထောက်ကန်ခြင်းဆိုသော ဖေါဋ္ဌဗ္ဗာရုံသာ ထင်ရှားရှိသည့် အထိ အစုအပေါင်းသာ တွေ့ရပေမည်။

လက်ဟု အမည်ပေးထားသော ကာယဒွါရ (ကိုယ်အကြည်)သည် လည်း ခွက်ကိုမသိပါ။ မာခြင်း ပူခြင်း ထောက်ကန်ခြင်းဆိုသော အထိအတွေ့ (ဖေါဋ္ဌဗ္ဗာရုံ)ကိုသာ သိပါသည်။ ကိုယ်နှင့် အထိဆိုသော ဒွါရ အာရုံ တိုက်မှု အကြောင်းကြောင့် ကာယဝိညာဏ် (သိမှု)ဆိုသော အကျိုးတရား ဖြစ်ပေါ် ခြင်းသာ ဖြစ်လေသည်။ ယင်းသည် ခန္ဓပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးမျှ သာဖြစ်၏။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုတို့ မဟုတ်ကြပါ။ ထိုကဲ့သို့ သိမြင်ပါက ထိမှုနှင့် သိမှုကို ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အနေဖြင့် အခိုင်အမာ အနှစ် သာရပြု၍ စွဲယူထားသော အယူမှား အတ္တဒိဋ္ဌိကို ပယ်နိုင်ပေမည်။

**"ထင်ရှားရှိသော အတွေး (သဘောတရား) အစုအပေါင်း"**

အတွေးတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုများ ပါဝင်နေပါသည်။ အမှန်တကယ် ထင်ရှားရှိမှုမှာ သဘောတရား (သက္ကာယ) မျှသာ ဖြစ်ပါသည်။ သဘောတရားဆိုသော (ဓမ္မာရုံ)၏ ထင်ရှားရှိမှုကို မသိမြင်နိုင်ပဲ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအဖြစ် အခိုင်အမာ အနှစ်သာရပြု၍ သိခြင်းသည် သဘောတရား (သက္ကာယ)အစုအပေါင်း အပေါ်တွင် အယူမှားခြင်း (ဒိဋ္ဌိ) ဖြစ်ပါသည်။ ဤကဲ့သို့ ပိုင်းခြားသိမြင်ပါက ဒိဋ္ဌိအယူကို တဒင်္ဂပယ်နိုင်ပေမည်။

ထို့ပြင် အာရုံတို့သည်လည်း တစ်အာရုံပြီးလျှင် တစ်အာရုံနှင့် အစားထိုးနေကြသည်။ အာရုံဟောင်းတို့သည် ချုပ်ပျောက်ပြီး အာရုံအသစ်



တို့သည် ဖြစ်ပေါ်နေကြသည်။ ထိုကြောင့် အာရုံတို့သည် မှန်မှာ ပုံရိပ်ပေါ် သကဲ့သို့ အကြောင်းတိုက်ဆိုင်ခိုက်သာ ဖြစ်ပေါ်ကြပြီး အကြောင်းကင်း သည်နှင့် သူ့သဘောသူဆောင်ကာ ချုပ်ပျောက်နေကြလေသည်။ အာရုံ ပုံရိပ်တို့၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအဖြစ် အခိုင်အမာ အနှစ်သာရပြု၍ စွဲယူနိုင်လောက်သော သဘောမျိုး လုံးဝမရှိပါ။ ထိုကဲ့သို့ ဉာဏ်မြင်ဖြင့် ပိုင်းခြား သိမြင်ခြင်းသည် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတို့ကို သိပုံ၊ ပယ်ပုံ ဖြစ်ပါသည်။

**"ဆိုက်ပုံ၊ ပွားပုံ"**

မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် အထက်ပါကဲ့သို့ အာရုံနှင့် ဒွါရအလိုက် နှလုံးသွင်း သိမြင်နိုင်ပါက ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုအနေဖြင့် အခိုင်အမာ အနှစ်သာရပြု၍ စွဲယူထားသော ဒိဋ္ဌိကို တဒင်္ဂပဟာန်ဖြင့် ပယ်နိုင်ခြင်းဖြစ်ပါသည်။ ဒိဋ္ဌိဆိုသော သမုဒယအစွဲကို တဒင်္ဂပယ်နိုင်ခြင်းသည် တဒင်္ဂနိရောဓ ဆိုက်ခြင်းပင်ဖြစ်သည်။

တဒင်္ဂနိရောဓမှ ဝိက္ခမ္ဘန နိရောဓဆိုက်လိုလျှင် ယင်းသက္ကာယ အစု အပေါင်းကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ တစ်ခုခုဖြင့် သိမြင်အောင် နှလုံးသွင်း ပွားများရပါသည်။ ထိုကဲ့သို့ လက္ခဏာကိုပွားခြင်းဖြင့် ဥပစာရ သမာဓိရောက်လျှင် ဝိက္ခမ္ဘနပဟာန်ဖြင့် ခပ်ကြာကြာပယ်နိုင်ပါသည်။ ယင်းမှ တဆင့်တက်ပြီး အပ္ပနာသမာဓိ (ဈာန်)အဆင့် ရောက်လာသောအခါ ဝိပဿနာဉာဏ်များလည်း ရင့်ကျက်ပြည့်စုံလာပြီး ဒိဋ္ဌိကို မဂ်ဉာဏ်ဖြင့် အပြီးပယ်နိုင်လေတော့သည်။ ယင်းသည် သမုစ္ဆေဒပဟာန်ဖြင့် ဒိဋ္ဌိကို နောက်ထပ် တစ်ဖန်မဖြစ်ခြင်းအားဖြင့် အကြွင်းမဲ့ပယ်ခြင်း ဖြစ်လေသည်။

**"ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး"**

အကြောင်းတရားတို့ ပြည့်စုံညီညွတ်ပါက အကျိုးတရားတို့သည်

Generated by CamScanner from intsig.com

သ္မသဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ အကြောင်းတရားတို့ ကျေးဇူးမပြုခင်ကလည်း ထိုအကျိုးတရားသည် ကြိုတင်၍ ဖြစ်ပေါ်မနေသလို အကြောင်းကင်းသည်နှင့်လည်း လုံးဝချုပ်ပျောက်ကြ၏။ အကြောင်းတရားသည် အကျိုးတရားကို (ကိုယ်ဝန်)ဆောင်ထားခြင်းမရှိသလို အကျိုးတရားသည်လည်း အကြောင်းတရား ကိုယ်ဝန်မှ (မွေးဖွား)လာခြင်း မရှိပါ။ အကြောင်းတရားတို့ ပြည့်စုံညီညွတ်သည်နှင့် အကျိုးတရားတို့သည် သ္မသဘောသူဆောင်ကာ မရှိရာမှ (အသစ်)အနေဖြင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ဥပမာ မှန်ကို ကြည့်သောအခါ မှန်သားပြင်ပေါ်မှာ ဖြစ်ပေါ်သော မျက်နှာပုံရိပ်သည် မှန်သားလည်းမဟုတ်သလို မျက်နှာလည်းမဟုတ်ပါ။ မှန်သားနှင့်မျက်နှာကိုစွဲ၍ အသစ်ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပါဒ်တရားမျိုးသာဖြစ်ပါသည်။ ထိုတရားသည် အကြောင်းတိုက်ဆိုင်ခိုက်သာ ဖြစ်ပေါ်၍ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်သွား၏။ အခိုင်အမာ အနှစ်သာရအားဖြင့် (အတ္တ) ပြု၍မရသော (အာဂန္တုဓါတ်)သက်သက်သာ ဖြစ်ပါသည်။

ထို့အတူ အာရုံနှင့် ဒွါရတိုက်မှုကြောင့် အသစ်ဖြစ်ပေါ်လာသော ဝိညာဏ်သည် အာဂန္တုဓါတ်သက်သက်ဖြစ်၍ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထု အဖြစ် အခိုင်အမာ အနှစ်သာရပြု၍ စွဲယူနိုင်လောက်သော သဘောမျိုး လုံးဝ မရှိပါ။ ယင်းကဲ့သို့ အကြောင်းတိုက်ဆိုင်တိုင်း အကျိုးတရားတို့ (အသစ်) ဖြစ်ပေါ်လာပုံကို ပဋိစ္စသမုပ္ပါဒ်သဘောအားဖြင့် သိမြင်ခြင်းသည် အကြောင်းအကျိုးဆက်နွယ်မှုကို (အနတ္တ)အမြင်ဖြင့် သိမြင်ခြင်းဖြစ်သည်။ ထိုသို့ ဆက်နွယ်မှုကို အောက်ပါ နည်း (၄)မျိုးဖြင့် သိမြင် နားလည်နိုင်ပေမည်။

**(၁) ဧကတ္တနည်း** - အကြောင်းတရားနှင့် အကျိုးတရားတို့သည်



တစ်ခုစီဖြစ်သော်လည်း ပန်းသီထားသကဲ့သို့ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်နေသဖြင့် (တစ်ခုတည်း)သောသဘောအားဖြင့် အယူမှားလေသည်။ ဥပမာ ဒီဘဝတွင် ပြုလုပ်သော (အကြောင်းတရား)ကြောင့် နောက်ဘဝသည် (အကျိုးတရား)အနေဖြင့် ဖြစ်ပေါ်သည်ဟု ပိုင်းခြားမသိမြင်သောကြောင့် ဒီဘဝလည်းငါပဲ၊ နောက်ဘဝလည်းငါပဲဟု တစ်ခုတည်းသောသဘောအားဖြင့် (မြဲနေသည်)ဟု အယူမှားခြင်း (သဿတဒိဋ္ဌိ)သည် ဖြစ်ပေါ်လာလေသည်။

**(၂) နာနတ္တနည်း** - အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဆက်နွယ်မှုရှိကြသော်လည်း မတူညီတတ်ပါ။ ဥပမာ ဒီဘဝတွင်လူဖြစ်၍ အကုသိုလ်ကံအကြောင်းကြောင့် နောက်ဘဝတွင် ခွေးဖြစ်ပါက လူနှင့်ခွေး မတူသဖြင့် သေလျှင် ပြတ်တယ် စဲတယ်ဟူသော (ဥစ္ဆေဒဒိဋ္ဌိ) အယူ ဖြစ်ပေါ်ကြပါသည်။ သို့သော် ခွေးသည် လူ့ဘဝက ပြုလုပ်ခဲ့သော အကုသိုလ် (ကံ) အကြောင်းတရားကင်း၍လုံးဝ ဖြစ်ပေါ်နိုင်ခြင်း မရှိပါ။ ထိုကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် ဆက်နွယ်မှု မရှိသော်လည်း အကျိုးတရား (ခွေး)သည် (အကုသိုလ်ကံ) အကြောင်းတရားကြောင့်သာ ဖြစ်ပေါ်ရလေသည်။ ထိုသို့ အကြောင်းအကျိုးအားဖြင့် ဆက်နွယ်မှုရှိခြင်းကို နားလည် သိမြင်ပါက ပြတ်တယ် စဲတယ်ဟူသော (ဥစ္ဆေဒဒိဋ္ဌိ) အယူမှား ကင်းပျောက်လေသည်။

**(၃) အဗျာပါရနည်း** - အကြောင်းတရားသည် အကျိုးတရား ဖြစ်ပေါ်လာအောင် အားထုတ်သည့် ဗျာပါရ မရှိသလို အကျိုးတရားသည်လည်း အကြောင်းတရားရှိပါက ဖြစ်ပေါ်လိုက်မည်ဟု အားထုတ်သည့် ဗျာပါရမျိုး မရှိပါ။ အကြောင်းတရား ထင်ရှားဖြစ်ပေါ်သည်နှင့် အကျိုးတရားသည် မရှိရာမှ သ္မသဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာခြင်းသာ ဖြစ်သည်။ (ဥပမာ သွားချင်သော စိတ်အကြောင်းတရား ထင်ရှားဖြစ်ပေါ်သည်နှင့် သွားသည့်

Generated by CamScanner from intsig.com

ရုပ်အကျိုးတရားသည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာ၏။)

**(၄) ဧဝံဓမ္မတာနည်း** - အကျိုးတရားသည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာသော်လည်း ဗရမ်းဗဒါ ဖြစ်ပေါ်နေခြင်းမျိုး မဟုတ်ပေ။ အကြောင်းအားလျော်စွာသာ ဖြစ်ပေါ်ရလေသည်။ ဥပမာ မျက်စိနှင့် အဆင်း တိုက်မှု အကြောင်းကြောင့် မြင်စိတ်အကျိုးတရားသာ ဖြစ်ပေါ်ရသည်။ ကြားစိတ် ဖြစ်ပေါ်နိုင်ခြင်း မရှိပေ။

**"သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိ"**

သဿတဒိဋ္ဌိသည် မြဲတယ်လို့ အယူမှားခြင်းဖြစ်သည်။ သဘာဝမှာ အကြောင်းတရားနှင့် အကျိုးတရားတို့သည် ပန်းသီထားသကဲ့သို့ တစ်ဆက် တစ်စပ်တည်း ဖြစ်ပေါ်နေသဖြင့် တစ်ခုတည်းသောသဘောအားဖြင့် ပြောင်းလဲ မှုမရှိပဲ ခိုင်တယ် မြဲတယ်လို့ အယူမှားခြင်းဖြစ်သည်။

ဥပမာ ဒီဘဝမှာ ငါ၏ ဒါနကုသိုလ်ကံကြောင့် နောင်ဘဝတွင် နတ်ဖြစ် ရသည်။ ထိုနတ်သည်လည်း ငါပင်ဖြစ်သည်ဟု တစ်ခုတည်း တစ်ယောက် တည်း အနေဖြင့် အယူမှားခြင်းဖြစ်သည်။ အမှန်အားဖြင့် ဒီဘဝတွင် ဒါန ကုသိုလ်ကံသည် အကြောင်းတရားဖြစ်၍ နောက်ဘဝ နောက်ခန္ဓာအဖြစ် နတ်ဘဝသည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာသော အကျိုး တရားသာဖြစ်လေသည်။ ထိုသို့ အကြောင်းအကျိုးကို အနတ္တအမြင်ဖြင့် မသိသောကြောင့် ခိုင်တယ်မြဲတယ်သဘော (ပုဂ္ဂိုလ်၊ သတ္တဝါ) အနေဖြင့် စွဲယူခြင်းသည် သဿတဒိဋ္ဌိ အယူမှားဖြစ်လေသည်။ အနတ္တအမြင်ဖြင့် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို သိမြင်သောအခါ သဿတဒိဋ္ဌိကို ပယ်နိုင်လေသည်။

ဥစ္ဆေဒဒိဋ္ဌိသည် ပြတ်တယ် စဲတယ်လို့ အယူမှားခြင်းဖြစ်သည်။ ဥပမာ



ဒီဘဝ ဒီခန္ဓာသေလျှင် ပြတ်၏။ နောက်ဘဝ မရှိဟူသော အယူဖြစ်၏။ ဥပမာ ဒီဘဝလူဖြစ်၏။ အကုသိုလ်ကံကြောင့် နောက်ဘဝတွင် ခွေးဖြစ်ရ၏။ သို့သော် ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် (မျက်မြင်) ယူထားသောကြောင့် လူသေလျှင် ပြတ်၏။ ခွေးဖြစ်တာသည် ထိုသူနှင့်မဆိုင်ဟု အယူမှားခြင်းဖြစ်သည်။ လူနှင့် ခွေးသည် မျက်မြင် ဆက်စပ်မှုမရှိသော်လည်း အကြောင်းနှင့်အကျိုးအားဖြင့် (ဉာဏ်မြင်) ဆက်စပ်မှုရှိလေသည်။

အမှန်အားဖြင့် ဒီဘဝအကုသိုလ်ကံ (အကြောင်း)တရားကြောင့် နောက်ဘဝသည် ခွေးဘဝအနေဖြင့် (အကျိုး)တရားအသစ်ဖြစ်ပေါ်ရ၏။ ခွေးနှင့်လူနှစ်မျိုးအား (မျက်မြင်)မတူသဖြင့် လူသေလျှင် ပြတ်တယ်ဟု အယူ ဖြစ်ရ၏။ ပဋိစ္စသမုပ္ပါဒ် (ဉာဏ်မြင်)အနေနှင့်ကား အကုသိုလ်(ကံ)ဆိုသော အကြောင်းတရားကင်း၍ ခွေးဘဝသည် ဖြစ်ပေါ်နိုင်ခြင်းလုံးဝမရှိပါ။

သဘာဝတရားသည် အကြောင်းအကျိုးဆိုသော အနတ္တတရားသာ ဖြစ်လေသည်။ ဤသို့သိမြင်ပါက ခွေးနှင့်လူဟု (မျက်မြင်) ဆက်စပ်မှုမရှိ သော်လည်း (ဉာဏ်မြင်)အနေဖြင့် အကုသိုလ်ကံ အကြောင်းတရားကြောင့် ခွေးဆိုသော အကျိုးတရားဖြစ်ပေါ်ရ၏။ ထိုသို့ ဉာဏ်ဖြင့်သိမြင်ပါက ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် ဆက်စပ်မှု မရှိသော်လည်း ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး အားဖြင့် ဆက်နွယ်မှုရှိလေသည်။ ယင်းကိုပင် သံသရာဟု ခေါ်ခြင်းဖြစ်သည်။

**"အရှုခံ နှင့် အရှုဉာဏ်"**

မျက်စိနှင့် အဆင်းတိုက်မှု (အကြောင်း)ကြောင့် မြင်စိတ် (အကျိုး) သည် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ်ဖြစ်ပေါ်နေ၏။ ထိုသို့ မြင်မှုအပေါ်တွင် မျက်စိနှင့် အဆင်းသည် (ရုပ်)၊ မြင်စိတ်သည် (နာမ်) ဖြစ်၍ ယင်းတို့ကို အကြောင်းအကျိုးအားဖြင့် နှလုံးသွင်းမှုသည် အရှုဉာဏ်

Generated by CamScanner from intsig.com

ဖြစ်လေသည်။ ထိုအခါ မြင်မှုကိစ္စတွင် (ငါ)မပါဝင်ပဲ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးသာဖြစ်သည်ကို ဉာဏ်မြင်ဖြင့်သိမြင်သွားလေသည်။

ထို့အတူ နားနှင့်အသံ၊ နှာခေါင်းနှင့် အနံ့၊ လျှာနှင့် အရသာ၊ ကိုယ်နှင့် အထိ၊ မနောနှင့်အတွေးတို့ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာသော သိမှု (ဝိညာဏ်)တို့ကို ရုပ်နာမ် အကြောင်းအကျိုးအားဖြင့် နှလုံးသွင်း ရှုပွားပါက ယင်းတို့အပေါ်တွင် ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် အခိုင်အမာ အနှစ်သာရပြု၍ အယူမှားနေသော ဒိဋ္ဌိကိုပယ်နိုင်ပေမည်။

**“ဥပါဒါန်အလို့ နှင့် ငါ့အလို”**

ဥပါဒါန်အလိုကို ငါ့အလိုထင်၏။ ယင်းသည် သက္ကာယဒိဋ္ဌိတည်း။ အမှန်တကယ် ထင်ရှားရှိသော ဥပါဒါန်ဆိုသော ဓမ္မသဘောကို မသိမြင်ပဲ ယင်းကို ပုဂ္ဂိုလ်သတ္တဝါ (ငါ)ပြု၍ အခိုင်အမာစွဲယူပြီး သိခြင်းဖြစ်သည်။ (ဒိဋ္ဌုပါဒါန်)ကိုပင် ပုဂ္ဂိုလ်သတ္တဝါအဖြစ် (ငါ)ပြု၍ စွဲယူခြင်းဖြစ်လေသည်။

သောတာပန်ပုဂ္ဂိုလ်တွင် (မျက်မြင်)၌ ပုဂ္ဂိုလ်၊ သတ္တဝါရှိသော်လည်း ဒိဋ္ဌိဖြင့် စွဲယူနိုင်သော ပုဂ္ဂိုလ်၊ သတ္တဝါအသိမျိုးကို (ဉာဏ်မြင်)ဖြင့် မယူတော့ချေ။ အနာဂါမ်ပုဂ္ဂိုလ်တွင် (မျက်မြင်)မှာ ပုဂ္ဂိုလ်သတ္တဝါ၊ ယောက်ျားမိန်းမရှိသော်လည်း တဏှာဖြင့် စွဲယူနိုင်သော ယောက်ျား မိန်းမအသိမျိုးကို (ဉာဏ်မြင်)မှာ မယူတော့ချေ။ ရဟန္တာပုဂ္ဂိုလ်တွင် (မျက်မြင်)မှာ ပုဂ္ဂိုလ်၊ သတ္တဝါ ရှိသော်လည်း မာနဖြင့် စွဲယူနိုင်သော ပုဂ္ဂိုလ်၊ သတ္တဝါအသိမျိုးကို(ဉာဏ်မြင်)မှာ မယူတော့ချေ။ တဏှာ၊ မာန၊ ဒိဋ္ဌိ အမြင် တစ်ဖန်မဖြစ်ခြင်းဖြင့် အကြွင်းမဲ့ကင်းပျောက် ချုပ်ငြိမ်းခြင်းဖြစ်သည်။ (ပုဂ္ဂိုလ်သတ္တဝါဟု မျက်မြင်မစွန့် ဉာဏ်မြင်သာ စွန့်ခြင်း ဖြစ်သည်။ သညာကိုပယ်၍မရပါ။ သညာကိုကပ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ ကိုသာ ပယ်စွန့်ရခြင်းဖြစ်ပါသည်။)



**“လောက (၃)ပါး”**

ဘုရားမပွင့်မီက ဩကာသလောကနှင့် သတ္တလောက (၂)ပါးသာ သိခဲ့ကြပါသည်။ သတ္တလောကသည် လူ၊ နတ်၊ ဗြဟ္မာ၊ အပါယ်ဘုံသားစသည့် (၃၁)ဘုံရှိ သတ္တဝါများဖြစ်ကြ၍ ဩကာသလောကသည် သတ္တဝါတို့၏ နေထိုင်ရာနှင့် အသုံးအဆောင်များ ဖြစ်ကြပါသည်။ ဘုရားပွင့်တော်မူမှသာ သင်္ခါရလောကကို သိခွင့်ရခြင်းဖြစ်သည်။ ဩကာသလောကနှင့် သတ္တလောကသည် သင်္ခါရလောက၏အပေါ်ယံ အသွင်သဏ္ဌာန်များသာဖြစ်ကြပါသည်။

ဥပမာ ရှေး၌ဖော်ပြခဲ့သော မီးပွိုင့်တွင်ရှိ အက္ခရာဂဏာန်း (1,2,3) တစ်နှစ်သုံးသည် သတ္တလောကရှိ လူသားတို့၏ အသုံးပြုစရာအရာများသာ ဖြစ်၍ ဩကာသလောက ဖြစ်ပါသည်။ ယင်းတွင် အထင်အရှားရှိသည်မှာ အဆင်းသာ အရှိတရားဖြစ်ပါသည်။ ယင်းအဆင်း(ရုပ်) အစုအပေါင်းသည် ဖြစ်ခြင်းပျက်ခြင်းရှိသော သင်္ခါရလောကဖြစ်ပါသည်။

ဘုရားမပွင့်မီက တကယ်ထင်ရှားရှိသော သင်္ခါရလောကကို မသိပါ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုစသည့်အနေဖြင့် အဆင်းကို (1,2,3) တစ်နှစ်သုံး ဟု အခိုင်အမာ အနှစ်သာရပြု၍ တကယ့်အရှိတရားအဖြစ် အယူမှားပြီး သိခြင်းဖြစ်သည်။ ထို့ကြောင့် သင်္ခါရလောကအပေါ်ကို သတ္တလောကနှင့် ဩကာသလောကတို့သာ ဖုံးလွှမ်းပိတ်ဆို့နေကြခြင်းဖြစ်ပါသည်။

ယင်းဖုံးလွှမ်းမှုသည် ရုပ်နာမ်ဓမ္မ သင်္ခါရလောကအပေါ် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အဖုံးပိတ်နေခြင်းသာ ဖြစ်သည်။ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အဖုံးသည် သတ္တလောကနှင့် ဩကာသလောကကို တပ်မက် စွဲလမ်းနိုင်အောင် သမုဒယသစ္စာအနေဖြင့် ဖန်တီးထားခြင်းဖြစ်သည်။ မရှိတရားကို အရှိတရား အဖြစ် မျက်လှည့်ပမာ ဖန်တီးလှည့်စားထားခြင်းသာ ဖြစ်လေသည်။

Generated by CamScanner from intsig.com

**"အနိစ္စ၊ ဒုက္ခ၊ အနတ္တ"**

ဩကာသလောကနှင့် သတ္တလောကကိုသာ သိကြသဖြင့် သမုတိ နယ်မှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကိုသာ သိကြပါသည်။ ဒါန၊ သီလ၊ သမထ ဘာဝနာများ အားထုတ်ကြသော်လည်း ပစ္စည်း ဥစ္စာပေါများမှု (ဘောဂသမ္ပတ္တိ) နှင့် ဘဝကောင်းစားမှု (ဘဝသမ္ပတ္တိ)အတွက်သာ အားထုတ်တတ်ကြသည်။ သင်္ခါရလောက၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုသိပါမှ သင်္ခါရလောကကို အပြစ် မြင်ပြီး သင်္ခါရလောကမှ လွတ်မြောက်ရာ လောကုတ္တရာသို့ရောက်အောင် နှလုံးသွင်းအားထုတ်နိုင်ကြပေမည်။

**"လောက (၃)ပါးမှ လွတ်မြောက်မှု"**

လောက (၃)ပါးမှ လွတ်မြောက်မှုသည် လောကုတ္တရာဖြစ်၏၊ နိဗ္ဗာန် ဟုလည်းခေါ်၏။ သောတာပန် အဆင့်တွင်လည်း လောက (၃)ပါးမှ လွတ်မြောက်မှုကို သူ့အဆင့် သူ့အတိုင်းအတာနှင့်ရရှိလေသည်။

(၁) သတ္တလောကအနေဖြင့် ပုထုဇဉ်အဖြစ်မှ လွတ်မြောက်၍ အရိယာ အဆင့်သို့ ရောက်၏။

(၂) ဩကာသလောကအနေဖြင့် အပါယ်ဘုံမှလွတ်မြောက်၏။

(၃) သင်္ခါရလောကအနေဖြင့် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ သင်္ခါရတရားတို့ကို နောက်ထပ် တစ်ဖန် မဖြစ်ခြင်းအားဖြင့် အပြီးချုပ်ငြိမ်းပြီး လွတ်မြောက်၏။

ထို့ကြောင့် သောတာပန်အဆင့်တွင် အထက်ပါလွတ်မြောက်မှုတို့ကို အမြဲရ၏။ တဒင်္ဂပဟာန်ဖြင့် နှလုံးသွင်းနိုင်ပါကလည်း လောက (၃)ပါးမှ တဒင်္ဂလွတ်မြောက်မှုကို ရလေသည်။

**"ထင်ရှားရှိသော အာရုံ"**

ထိုင်ခုံတစ်ခုအပေါ်တွင် မောင်ဖြူ ထိုင်နေသည်ကိုသိ၏။ ခဏ



အကြာတွင် မိမိမသိလိုက်ပဲ မောင်ဖြူ ထသွား၏။ မိမိသည် ထိုထိုင်ခုံနေရာကို သတိထားလိုက်မိသောအချိန်တွင် မောင်ဖြူမရှိတော့သည်ကို သိလိုက် လေသည်။ ထိုသို့ သိလိုက်သော မောင်ဖြူသည် ထိုင်ခုံမှ ထသွားသော (ပုဂ္ဂိုလ်၊ သတ္တဝါ) မောင်ဖြူဖြစ်နေ၏။

အမှန်အရှိတရားတွင် မိမိသည် ထိုင်ခုံကိုသာမြင်၏။ ယခင်ထိုင်နေ သောမောင်ဖြူကို (အာရုံ)အနေဖြင့်ဆင်ခြင်ကာ မောင်ဖြူမရှိမှန်းသိရခြင်း ဖြစ်သည်။ ထို့ကြောင့် မိမိတွင် မောင်ဖြူဆိုသော (အာရုံ)သဘောမျှသာ (ဓမ္မာရုံ)တွင် ဖြစ်ပေါ်၏။ သို့သော် ထင်ရှားဖြစ်ပေါ်နေသော (အာရုံ) သဘော ကိုမသိပဲ အာရုံကို ပုဂ္ဂိုလ်သတ္တဝါပြု၍ မောင်ဖြူဟု အခိုင်အမာ အနှစ်သာရ အားဖြင့် အယူမှားပြီး သိမြင်ခြင်းသည် အတ္တဒိဋ္ဌိဖြစ်လေသည်။

**"မိမိကိုယ်နှင့် အာရုံ"**

ထို့အတူ မိမိကိုယ်ကို (အာရုံ)ယူ၍ ဆင်ခြင်ပါမှ (ငါ)လို့သိရခြင်း ဖြစ်သည်။ သို့သော် အာရုံကို ပုဂ္ဂိုလ်သတ္တဝါပြု၍ ငါလို့ အခိုင်အမာ အနှစ် သာရအားဖြင့် စွဲယူခြင်းသည် အယူမှားခြင်း (ဒိဋ္ဌိ) ဖြစ်လေသည်။ မိမိ ကိုယ်ကိုလည်း စိတ်ဖြင့်ဆင်ခြင်မှသာ သိရ၏။ မဆင်ခြင်လျှင် မသိပါ။ ဆင်ခြင်လျှင်သိရသည့်မှာ မနောဝိညာဏ်၏ အာရုံ (ဓမ္မာရုံ)သာ ဖြစ်လေသည်။ ဥပမာ မိမိကိုယ်ကိုအာရုံပြု၍ ငါတော်တော်ကျန်းမာနေတယ်လို့ သိရခြင်း ဖြစ်ပါသည်။ မိမိကိုယ်ကို အာရုံမပြုပါက ငါလို့မသိနိုင်ပါ။

အာရုံ၏သဘောသည် မှန်ထဲမှာ ပုံရိပ်ပေါ်သကဲ့သို့ အကြောင်း တိုက်ဆိုင်မှသာ ပေါ်၏။ အကြောင်းကင်းသည်နှင့် ချုပ်ပျောက်၏။ အခိုင်အမာ အနှစ်သာရလည်းမရှိ၊ မမြဲလည်းမရှိပါ။ ငါ ငါ့ဥစ္စာအဖြစ် စွဲယူလို့မရပါ။

ထို့ကြောင့် အာရုံတို့သည် အခိုင်အမာ အနှစ်သာရ မရှိကြသော်လည်း

Generated by CamScanner from intsig.com

ဒိဋ္ဌိဆိုသော အယူမှားမှုကြောင့် သဘောတရား (ဓမ္မာရုံ)တို့ကို အခိုင်အမာ အနှစ်သာရပြု၍ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် သိမြင်ခြင်းဖြစ်သည်။ ဤသို့ ပိုင်းခြား သိမြင်ပြီး နှလုံးသွင်းနိုင်ပါက သက္ကာယ (ခေါ်) ထင်ရှားရှိသော အာရုံကို အမှန်အတိုင်း ယထာဘူတကျကျ သိမြင်နိုင်သောကြောင့် ပုဂ္ဂိုလ်သတ္တဝါ (ငါ)ပြု၍ စွဲယူထားသော အယူမှားဒိဋ္ဌိကို ပယ်ရှားနိုင်ပေမည်။

**“ဝေဒနာက္ခန္ဓာ နှင့် သက္ကာယဒိဋ္ဌိ”**

အာရုံနှင့်တိုက်ဆိုင်ခိုက် ဖြစ်ပေါ်သော ခံစားမှု ဝေဒနာက္ခန္ဓာသည် အထင်အရှားရှိသော အစုအပေါင်း (သက္ကာယ)ဖြစ်ပါသည်။ သို့သော် ဝေဒနာအပေါ်မှာ ငါခံစားတယ်၊ ငါကောင်းတယ်၊ ငါနှစ်သက်တယ်ဆိုပြီး ဝေဒနာကို ပုဂ္ဂိုလ်သတ္တဝါ (ငါ)ပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် အယူမှားခြင်းသည် (ဒိဋ္ဌိ) ဖြစ်လေသည်။

ဝေဒနာသည် အာရုံနှင့် ဒွါရ အကြောင်းတိုက်ဆိုင်တိုင်း သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်နေသော ထင်ရှားရှိသည့် ခံစားမှု အစုအပေါင်း (ဝေဒနာက္ခန္ဓာ)ဟု သိမြင်ပါက ဒိဋ္ဌိကင်းလေသည်။ ဝေဒနာသည် အာရုံက ကျေးဇူးပြုမှ (အသစ်)ဖြစ်ပေါ်ရ၏။ မိမိအလိုအတိုင်း မဖြစ်ပေါ်နိုင်ပေ။ ကောင်းသောအာရုံက ကျေးဇူးပြုပါကလည်း သုခဝေဒနာ ဖြစ်ပေါ်ရ၏။ မကောင်းသောအာရုံက ကျေးဇူးပြုပါကလည်း ဒုက္ခဝေဒနာ ဖြစ်ပေါ်ရ၏။ ဝေဒနာသည် မိမိနှင့်မဆိုင်သလို ဝေဒနာအပေါ်တွင်လည်း ပုဂ္ဂိုလ်၊ သတ္တဝါ (ငါ)ပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူလို့မရပါ။ အာရုံနှင့်အကြောင်းကင်းသည်နှင့် ထိုဝေဒနာ ချုပ်ပျောက်လေသည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးဖြစ်သည့် အာဂန္တုဓမ္မသက်သက်သာတည်း။



**“သညာက္ခန္ဓာ နှင့် သက္ကာယဒိဋ္ဌိ”**

သညာက္ခန္ဓာသည် ထင်ရှားရှိသော မှတ်သားမှု အစုအပေါင်း (သက္ကာယ)ဖြစ်၏။ သို့သော် မိမိ၏ နာမည်ခေါ်သံ (သဒ္ဒါရုံ)မှ ကျေးဇူးပြုမှု ကြောင့် မိမိမှာ (သညာ)ပေါ်သည်ကို ငါခေါ်တာပဲ၊ ငါ့နာမည်ပဲ၊ ငါမှတ် တာပဲဆိုပြီး သညာကို ပုဂ္ဂိုလ်သတ္တဝါ (ငါ)ပြု၍ အခိုင်အမာ အနှစ်သာရ အားဖြင့် အယူမှားခြင်းသည် ဒိဋ္ဌိဖြစ်လေသည်။

သညာသည် အာရုံ၏ ကျေးဇူးပြုမှုကြောင့် သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ်ဖြစ်ပေါ်နေသော ထင်ရှားရှိသည့် မှတ်သားမှု အစု အပေါင်း သက်သက်သာဖြစ်၍ အာရုံကင်းသည်နှင့် ထိုသညာ ချုပ်ပျောက် လေသည်။ ထိုအခါ သညာသည် အမြဲမရှိသောသဘော၊ အခိုင်အမာ အနှစ် သာရ မရှိသောသဘောဖြစ်သောကြောင့် သညာအပေါ်တွင် ငါ၊ ငါဥစ္စာ အနေဖြင့် ပုဂ္ဂိုလ်သတ္တဝါ(ငါ)ပြု၍ စွဲယူနိုင်သော အနှစ်သာရမျိုး လုံးဝမရှိ သည်ကို သိမြင်နိုင်ပေမည်။

**“သင်္ခါရ နှင့် သက္ကာယဒိဋ္ဌိ”**

သင်္ခါရတွင် စေတနာသည် ပြဋ္ဌာန်း၏။ စေတနာသည် ထင်ရှားရှိသော စေ့စော်ပြုပြင်မှု အစုအပေါင်း (သက္ကာယ)ဖြစ်၏။ သို့သော် စေတနာကို ငါလှူတာ၊ ငါပေးတာ၊ ငါလုပ်တာ၊ ငါပြောတာ စသည်ဖြင့် စေတနာအပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါ(ငါ)ပြု၍ အခိုင်အမာ အနှစ်သာရအနေဖြင့် စွဲယူထားသော အယူမှားခြင်းခြင်းသည် ဒိဋ္ဌိဖြစ်လေသည်။

သင်္ခါရခေါ် စေတနာသည် အာရုံနှင့်အကြောင်းတိုက်ဆိုင်တိုင်း သူ့သဘောသူဆောင်ကာ မရှိရာမှ အသစ်အသစ် ဖြစ်ပေါ်လာသော ထင်ရှား ရှိသည့် စေ့စော်ပြုပြင်မှု အစုအပေါင်း (သက္ကာယ)သာ ဖြစ်လေသည်။

Generated by CamScanner from intsig.com

ယင်းစေတနာသည်လည်း အာရုံနှင့်အကြောင်းကင်းသည်နှင့် ချုပ်ပျောက်၏။ အခိုင်အမာ အနှစ်သာရပြု၍ ပုဂ္ဂိုလ်၊ သတ္တဝါ(ငါ)အနေဖြင့် ငါ့စေတနာလို့ စွဲယူနိုင်သော သဘောမျိုးမဟုတ်သည်ကို ဉာဏ်အမြင်ဖြင့် ဆုံးဖြတ်ချက်ချ နိုင်ပေမည်။

**"ဝိညာဏ်နှင့် သက္ကာယဒိဋ္ဌိ"**

အာရုံနှင့် ဒွါရ တိုက်ဆိုင်ပါက ဖြစ်ပေါ်လာသော ထင်ရှားရှိသည့် သိမှု (ဝိညာဏ်) အစုအပေါင်းသည် (သက္ကာယ)ဖြစ်ပါသည်။ ယင်းဝိညာဏ် အပေါ်မှာ ငါသိတယ်ဆိုပြီး ပုဂ္ဂိုလ်သတ္တဝါ(ငါ)ပြု၍ အခိုင်အမာ အနှစ်သာရ အားဖြင့် ပြင်းစွာစွဲယူထားသော အယူမှားခြင်းသည် ဒိဋ္ဌိဖြစ်လေသည်။

ဝိညာဏ်သည် အာရုံနှင့် ဒွါရ အကြောင်းတိုက်ဆိုင်ခိုက် မြင်ဆဲ၊ ကြားဆဲ၊ နံဆဲ၊ စားဆဲ၊ ထိဆဲ၊ တွေးဆဲတွင် သူ့သဘောသူဆောင်ပြီး အသစ် အသစ်ဖြစ်ပေါ်နေသော ထင်ရှားရှိသည့် သိမှုအစုအပေါင်းသာ ဖြစ်သည်။ အာရုံနှင့် ဒွါရတွေ့ထိမှု အကြောင်းကြောင့် ဖြစ်ပေါ်လာသော သိမှုအကျိုး တရားမျှသာဖြစ်သည်။ အကြောင်းကင်းသည်နှင့် အကျိုးလည်း ချုပ်ရလေ သည်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးမှလွဲ၍ ပုဂ္ဂိုလ်သတ္တဝါ (ငါ)ပြုပြီး အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူနိုင်သောသဘောမျိုး လုံးဝ မရှိပါ။ အာဂန္တုဓါတ် သဘောသက်သက်သာ ဖြစ်ပေါ်လာခြင်း ဖြစ်လေသည်။

**" မီးသွေး ဥပမာ"**

မီးသွေးအစုအပုံကို ကြည့်ပါ။ တကယ်ထင်ရှားရှိသော အစုအပေါင်း မှာ မဲနေသော အဆင်းတို့သာ ဖြစ်ပါသည်။ သို့သော် ထင်ရှားရှိသော မဲသည့် အဆင်း အစုအပေါင်းကို မသိမြင်ပဲ မီးသွေးလို့ အခိုင်အမာ အနှစ်သာရပြု၍ ပြင်းစွာ စွဲလမ်းနေခြင်းသည် (ဒိဋ္ဌိ) အယူမှား ဖြစ်လေသည်။



ထင်ရှားရှိသော မဲသည့် အဆင်း အစုအပေါင်းသည် အာရုံက ကျေးဇူး ပြုသည့်အတိုင်း သိရခြင်းဖြစ်သည်။ အာရမ္မဏပစ္စယောအားဖြင့် ပဋ္ဌာန်း ရှုထောင့်မှ သိမြင်နိုင်ပါသည်။ ယင်းသည် အာရုံရှုထောင့်မှ ကြည့်ခြင်း (Objective View)ဖြစ်၍ အနတ္တအမြင်ဖြစ်သည်။ မီးသွေးသည် မိမိတို့ဘက်မှ တကယ့်အရှိတရားဟု အခိုင်အမာ အနှစ်သာရပြု၍ စွဲယူ ပညတ်ထားသည့် အတ္တအမြင် (Subjective View)ဖြစ်လေသည်။

သို့သော် မီးသွေးလို့သိခြင်းသည် မြင်သည့်အဆင်းအပေါ်မှာ မိမိ ဘက်က ဒြပ်ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် ပြင်းစွာစွဲယူထား သောကြောင့် အတ္တအမြင်ဖြစ်၏။ မိမိအထင်ဖြင့် အခိုင်အမာ စွဲယူမြင်ခြင်း (Subjective View)သည် အတ္တအမြင်ဖြစ်သည်။ ထင်ရှားရှိသော မဲသည့် (အဆင်း) အစုအပေါင်း အရှိတရားအပေါ်တွင် ခေါ်ဝေါ်ပြောဆိုရန်အတွက် မီးသွေးလို့ အမည်ပညတ်သဘောကို ပိုင်းခြားမသိမြင်ပဲ ယင်းအဆင်း အစု အပေါင်းကို ဒြပ်ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် ပြင်းစွာစွဲယူ နေမှုသည် အယူမှားခြင်း (ဒိဋ္ဌိ) ဖြစ်လေသည်။

**"မြေအိုး ဥပမာ"**

မြေအိုးတွင် မြေသည် တကယ်ထင်ရှားရှိသော မြေအစုအပေါင်း ဖြစ်သည်။ အိုးသည် ခေါ်ဝေါ်သုံးစွဲရန်အတွက် သတ်မှတ်ထားသော နာမည် (ပညတ်)ဖြစ်သည်။ တကယ်မရှိပါ။ မြေသည် ထင်ရှားရှိသောတရား (သက္ကာယ)ဖြစ်၍ အိုးဟု အယူမှားခြင်းသည် (ဒိဋ္ဌိ) ဖြစ်၏။ အိုးသည် ပုံသဏ္ဌာန် ကိုလိုက်၍ ပြောဆိုရန်အတွက် အမည်ပညတ်ထားခြင်းသာ ဖြစ်သည်။ တကယ်မရှိသောအိုးကို တကယ်ရှိသည့်အနေဖြင့် အခိုင်အမာ အနှစ်သာရ ပြု၍ စွဲယူလိုက်သောကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်ပေါ်ရခြင်းဖြစ်သည်။

Generated by CamScanner from intsig.com

ထို့အတူ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် မြေနှင့်တူ၏။ ပုဂ္ဂိုလ်၊ သတ္တဝါသည် အိုးနှင့်တူ၏။ မြေကို အိုးဟု အယူမှား၏။ ခန္ဓာငါးပါး ရုပ်နာမ် တရားကို ပုဂ္ဂိုလ်သတ္တဝါဟု အယူမှား၏။ သို့သော် မြေသည် အိုး၏ အနှစ်သာရ ဖြစ်နေ၏။ အတ္တဖြစ်နေ၏။ ပရမတ်နယ်တွင် မြေသည် အတ္တမဟုတ်၊ အနတ္တဖြစ်၏။ မြေသည် အကြောင်းအကျိုးအားဖြင့် ဥတု၏ ပြုပြင်မှုကို ခံနေရသော ရုပ်တရားသာ ဖြစ်သည်။ ထိုကြောင့် မြေသည် ဥတု၏ အပြုပြင်ခံရသော ဥတုဇရုပ်ဖြစ်၍ ဥတုနိယာမအရ အကြောင်းအကျိုးအားဖြင့် သူ့သဘောသူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်ပြောင်းလဲနေသော အခိုင်အမာ အနှစ်သာရ မရှိသည့် အနတ္တတရားသာဖြစ်လေသည်။

ထို့အတူ မီးပွိုင့်တွင် အဆင်း အစုအပေါင်းကို တစ်၊ နှစ်၊ သုံး (1, 2, 3)ဟု အယူမှား၏။ အဆင်းသည် တစ်၊ နှစ်၊ သုံး (1, 2, 3)၏ အနှစ်သာရဖြစ်၏။ အတ္တဖြစ်နေ၏။ သို့သော် အဆင်းသည် အတ္တမဟုတ်ပါ။ အနတ္တဖြစ်၏။ အဆင်းသည် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုသော ဓါတ်ကြီးလေးပါးကို စွဲမှီ၍ သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်ပြောင်းလဲနေသော ပရမတ်တရားဖြစ်သည်။ ထိုကြောင့် အဆင်းဓါတ်သည် အတ္တမဟုတ်၊ အနတ္တသာဖြစ်၏။ ဥတု၏ ပြုပြင်မှုကိုခံနေရသော ရုပ်တရားသာဖြစ်၏။ ဥတုနိယာမအရ အကြောင်းအကျိုးအားဖြင့် သူ့သဘောသူဆောင်ကာ အသစ်အသစ် ဖြစ်ပေါ်ပြောင်းလဲနေသော အနတ္တသဘာဝသာ ဖြစ်လေသည်။

### "ငါ သုံး ငါ"

ဒိဋ္ဌိငါ၊ တဏှာငါနှင့် မာနငါကို ခွဲခြားသိသင့်ပေသည်။ ဒိဋ္ဌိငါသည် မိမိကိုယ်ကို ဆင်ခြင်သောအခါ ဓမ္မာရုံမှာပေါ်သော (အာရုံ)သာဖြစ်ပါသည်။ ငါတော်တော် ကျန်းမာသေးတယ်၊ သွားနိုင်၊ လာနိုင်သေးတယ် စသည်ဖြင့်



မိမိကိုယ်ကို ဆင်ခြင်၍ (အာရုံ)ပြုကာ ပြောဆိုခြင်းဖြစ်သည်။ သို့သော် မိမိကိုယ်ကို ဆင်ခြင်သောအခါ အာရုံ (ခန္ဓာငါးပါး)ပေါ်တယ်လို့မသိပါ၊ (အာရုံ)ကို ပုဂ္ဂိုလ်၊ သတ္တဝါ (ငါ)ပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူပြီး အယူမှားသောကြောင့် ဒိဋ္ဌိ (ငါ) ဖြစ်ပေါ်လေသည်။

တဏှာငါသည် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ဖြစ်ပေါ်သော အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ သဘောစသော ကာမအာရုံတို့ အပေါ်၌ တဏှာဖြင့် နှစ်သက်စွဲလမ်းမှုကို ငါဥစ္စာပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် အဆင်းကို (ငါ)ကြိုက်တယ်ဟု တဏှာငါဖြင့် စွဲယူခြင်းဖြစ်သည်။

မာနငါသည် မြင်သည့်စက္ခုဝိညာဏ် အပေါ်မှာ ငါပြု၍ အသိမှားခြင်းဖြစ်ပါသည်။ ဥပမာ တိုက်တို့ ကားတို့နှင့်နေနိုင်သောအခါ ငါ့မှာ ကားပိုင်တယ်၊ ငါ့မှာတိုက်ပိုင်တယ် စသည်ဖြင့် မိမိပိုင်သော ပစ္စည်းအပေါ်မှာ မာန ဖြစ်တတ်လေသည်။

ထို့အတူ စက္ခုဝိညာဏ်၊ သောတဝိညာဏ်စသည်တို့ အပေါ်၌လည်း ငါအနေဖြင့် ဝိညာဏ်ကို အခိုင်အမာ အနှစ်သာရပြု၍ မာန ဖြစ်လေသည်။ အကြောင်းတိုက်ဆိုင်တိုင်း မြင်သည့် ကြားသည့် ဝိညာဏ်တို့ အပေါ်တွင် ငါအနေဖြင့် အသိမှားခြင်းကြောင့် မာန (ငါ)ဖြစ်ရလေသည်။ ယင်းသည် ရဟန္တာဖြစ်သောအခါမှ ဝိညာဏ်၏ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာကို ပိုင်ပိုင်သိမြင်၍ အသိမှားခြင်းကိုပယ်ကာ မာနပြုတ်ခြင်း ဖြစ်လေသည်။

### **"အတ္တအမှောင်မှ အနတ္တအလင်းဆီသို့"**

ဝိပဿနာဆိုသည်မှာ အတ္တအမြင်မှ အနတ္တအမြင်သို့ အသိဉာဏ် ပြောင်းအောင် နှလုံးသွင်းအားထုတ်ရခြင်း ဖြစ်သည်။ သို့သော် ယင်းအမြင်

Generated by CamScanner from intsig.com

ပြောင်းခြင်းသည် ပုဂ္ဂိုလ်၊ သတ္တဝါ သမုတိနယ်မှ မဟုတ်ပါ။ ဓမ္မသက်သက်ဖြစ်သော ပရမတ်နယ်ကို ဖြတ်သန်းပြီး မဂ်ဉာဏ်၏ ကျက်စားရာဖြစ်သော သစ္စာနယ်သို့ အရောက်လှမ်းရခြင်း ဖြစ်ပါသည်။

သစ္စာနယ်ရောက်ပြီးသူတို့မှာ သမုတိနယ်သည် အိပ်မက်ပမာသာဖြစ်လေသည်။ အရိယာတို့မှာ အိပ်မက်မှ နိုးထပြီးသူများသာ ဖြစ်ကြပါသည်။ (အဝိဇ္ဇာအမှောင်ကင်း၍ အလင်းကိုမြင်ကြသူများဖြစ်လေပြီ။)

**" အနတ္တအမြင် နှင့် နိဗ္ဗာန်မုဦးဦး"**

သမုတိနယ်မှာ သဘာဝကို မြင်အောင်ကြည့်ပါ။ သဘာဝကိုတွေ့လျှင် အတ္တအမြင်မှ အနတ္တအမြင်သို့ ပြောင်းရလေသည်။ သဘာဝကို အနတ္တအမြင်ဖြင့် ပဋိစ္စသမုပ္ပါဒ် (အကြောင်းအကျိုး)သာရှိတယ်လို့ နှလုံးသွင်း သိမြင်ပါက နိဗ္ဗာန်မုဦးဦးသို့ ရောက်နိုင်လေပြီ။

ဥပမာ မိုးတိမ်တို့အကြားမှ လျှပ်ရောင်လက်ခြင်းသည် အကြောင်းတရားတို့ ပြည့်စုံညီညွတ်ခြင်းကြောင့် အကျိုးတရားအနေဖြင့် မရှိရာမှ သူ့သဘောသူဆောင်ပြီး အသစ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဖြစ်ပေါ်ပြီးသည်နှင့်လည်း ချက်ခြင်း ချုပ်ပျောက်၏။ ငါ ငါ့ဥစ္စာအနေဖြင့် စွဲယူနိုင်သော အခိုင်အမာ အနှစ်သာရသဘောမျိုး မရှိပါ။

ထို့ကြောင့် သမုတိနယ်မှာ သဘာဝကိုရှာပါ။ သဘာဝအပေါ်မှာ အနတ္တအမြင်နှင့် သမုဒယကိုပယ်၍ သစ္စာဆိုက်အောင်ပွားပါ။ သစ္စာဆိုက်လျှင် သဘာဝအပေါ်မှာ သမုဒယကိုပယ်ပြီးဖြစ်၍ သဘာဝကို နိရောဓအမြင်ဖြင့် သိမြင်နိုင်လေသည်။



**" အသစ်ဖြစ်မှု (ဝါ) အစားထိုးမှု"**

ဝိပဿနာလောကတွင် ဖြစ်ပျက်ကို လူတိုင်း ကြားဖူးကြပါသည်။ တရားအားထုတ်သူတိုင်းသည် ဖြစ်ပျက်ကို တွေ့ချင် မြင်ချင်ကြပါသည်။ သို့သော် သမုတိနယ်က ဒြပ်ဝတ္ထုပစ္စည်းများကဲ့သို့ ဖြစ်ပေါ်ချုပ်ပျောက်နေမှုကို မတွေ့ရပါ။

ပရမတ်နယ်မှ ဖြစ်ပျက်သည် ဉာဏ်ဖြင့်သာ သိမြင်ရခြင်းဖြစ်သည်။ ပရမတ်တရားတို့သည် ဖြစ်တဲ့နေရာမှာ ချုပ်ပျောက်ပြီး အသစ်အသစ်ဖြစ်ပေါ်နေသည်။ အသစ်ဖြစ်ပေါ်သည်နှင့် အဟောင်းတို့ ချုပ်ပျောက်ပြီးဖြစ်သည်ကို ဉာဏ်ဖြင့်သာ သိနိုင်လေသည်။ အသစ်ဖြစ်ပေါ်သည်နှင့် အဟောင်းနေရာတွင် အစားထိုးသွားလေသည်။ အပျက်ကိုတော့ မျက်မြင် မတွေ့ရပေ။ (ဉာဏ်မြင်)ဖြင့်သာ သိရခြင်းဖြစ်လေသည်။

အာရုံအသစ်များ ဆက်တိုက်ဖြစ်ပေါ်နေမှုကိုသာ သိမြင်နိုင်သဖြင့် အာရုံဟောင်းများ မရှိမှုကို ဉာဏ်ဖြင့် သိမ်းဆည်းပြီး အပျက်မြင်သည်ဟု ဆိုရခြင်းဖြစ်သည်။ ထို့အတူ ထိုထိုအာရုံတို့နှင့် ဖြစ်ဖော်ပျက်ဖက် သိမှု စိတ်တို့သည်လည်း ယင်းနည်းအတိုင်း ဉာဏ်ဖြင့်သိမ်းဆည်းကာ အပျက်ကို သိမြင်ရခြင်းဖြစ်သည်။ ဥပမာ ခြေထောက်နှင့် ကြမ်းပြင်တွေ့ထိပါက ထိမှု (ဖေါဋ္ဌဗ္ဗာရုံ)ဖြစ်ပေါ်သည်။ ခြေထောက်ကို ကြမ်းနှင့်လွတ်လိုက်ပါက ထိမှု (ဖေါဋ္ဌဗ္ဗာရုံ) ချုပ်ပျောက်ပြီး ယင်းအပျက်ကို ဆင်ခြင်သောအာရုံ (ဓမ္မာရုံ)သည် အစားထိုးဝင်ရောက်လာခြင်း ဖြစ်ပါသည်။

ထိုသို့ အာရုံတို့သည် တစ်အာရုံပြီးတစ်အာရုံ အစားထိုးဖြစ်ပေါ်နေသလို ထိုအာရုံတို့ကိုသိသော စိတ်တို့သည်လည်း ယင်းအာရုံတို့နှင့် အတူတကွ ဖြစ်ပေါ်ချုပ်ပျောက်နေကြလေသည်။

Generated by CamScanner from intsig.com

## "ဝိပလ္လာသ (၃)ပါး"

ဝိပလ္လာသ၏ အဓိပ္ပါယ်မှာ ဖောက်ဖောက်ပြန်ပြန် အထင်အမြင်များ နေခြင်းဖြစ်သည်။ ဟုတ်မှန်သည်၌ မဟုတ်မမှန်ဟုငင်း၊ မဟုတ်မမှန်သည်၌ ဟုတ်မှန်သည်ဟုငင်း ခံယူချက် လွဲနေကြခြင်း ဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ စင်စစ်ဧကန် အမှန်ဖြစ်သော ခန္ဓာငါးပါး၊ ရုပ်နာမ် တရားတို့၌ ဒိဋ္ဌိဖြင့် အယူမှားခြင်း (ဒိဋ္ဌိဝိပလ္လာသ)၊ သညာဖြင့် အမှတ်မှားခြင်း (သညာဝိပလ္လာသ) နှင့် စိတ်ဖြင့်အသိမှားခြင်း (စိတ္တဝိပလ္လာသ)တရား (၃)ပါးတို့ ဖြစ်ပေါ်နေ၏။

(၁) ဒိဋ္ဌိဝိပလ္လာသ - အနိစ္စကို နိစ္စဟုငင်း၊ ဒုက္ခကို သုခဟုငင်း၊ အနတ္တကို အတ္တဟုငင်း၊ အသုဘကိုသုဘဟုငင်း အယူမှားခြင်း

(၂) သညာဝိပလ္လာသ - နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု အမှတ်မှားခြင်း

(၃) စိတ္တဝိပလ္လာသ - နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု အသိမှားခြင်း

ဒိဋ္ဌိဝိပလ္လာသ၌ အယူမှားခြင်း (၄)မျိုး၊ သညာဝိပလ္လာသ၌ အမှတ်မှားခြင်း (၄)မျိုး၊ စိတ္တဝိပလ္လာသ၌ အသိမှားခြင်း (၄)မျိုးဖြစ်ပေါ်နေကြသောကြောင့် စုစုပေါင်း ဝိပလ္လာသတရား (၁၂)မျိုး ရှိနေသည်။

သောတာပန်သည်ဝိပလ္လာသ(၈)မျိုးပယ်၏။ဒိဋ္ဌိဝိပလ္လာသ(၄)မျိုး၊နိစ္စနှင့်အတ္တသညာဝိပလ္လာသ(၂)မျိုး၊နိစ္စနှင့်အတ္တဖြစ်သောစိတ္တဝိပလ္လာသ(၂)မျိုးတို့ဖြစ်ကြသည်။

အနာဂါမ်သည်သညာဝိပလ္လာသနှင့်သုဘစိတ္တဝိပလ္လာသနှစ်မျိုးကိုထပ်ပယ်၏။

ရဟန္တာသည် နောက်ဆုံး သုခသညာဝိပလ္လာသ နှင့် သုခစိတ္တဝိပလ္လာသ နှစ်မျိုးကို ပယ်နိုင်လေသည်။

ဤသို့ဖြင့်နိစ္စ၊ အတ္တသညာကို ပယ်နိုင်လျှင် ဒိဋ္ဌိပြုတ်၏။ သုဘသညာကို ပယ်နိုင်လျှင် ကာမတဏှာပြုတ်၏။ သုခသညာကိုပယ်နိုင်လျှင် မာနပြုတ်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိကို ဝိပလ္လာသ (၃)ပါးနှင့် ယှဉ်၍လည်း သဘောပေါက် နား



လည်နိုင်ပေမည်။

မင်းကွန်းဆရာတော်ဘုရားကြီး ဟောကြားထားသော ဟောစဉ် ပထမတွဲတွင် ပါဝင်သော ဩကာသနှင့် သရဏဂုံ ရှင်းတမ်းတွင် အာရုံတွင် ဒိဋ္ဌိပြဋ္ဌာန်း၏၊ ဒွါရတွင် တဏှာပြဋ္ဌာန်း၏၊ ဝိညာဏ်တွင် မာနပြဋ္ဌာန်း၏ဟု ဟောကြားထားလေသည်။

အာရုံတို့ဖြစ်သည့် ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ)၊ ဖောဋ္ဌဗ္ဗာရုံ (အထိ)၊ ဓမ္မာရုံ (သဘော)တို့အပေါ်တွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ စွဲယူထားသော ဒိဋ္ဌိကို ပယ်နိုင်ပါက ဒိဋ္ဌိပြုတ်ကာ သောတာပန်တည်နိုင်လေ၏။ (အနတ္တာနုပဿနာ)

ဒွါရမှာဖြစ်ပေါ်သော သညာအပေါ်တွင် ကာမသညာကို ပယ်နိုင်လျှင် ကာမတဏှာပြုတ်ကာ အနာဂါမ်အထိ ဖြစ်နိုင်လေသည်။ (ဒုက္ခာနုပဿနာ)

ဝိညာဏ်အပေါ်မှ ငါသိနေသယောင်ယောင် မာနကိုပယ်နိုင်ပါက မာနလည်းပြုတ်ကာ ရဟန္တာအထိဖြစ်နိုင်လေသည်။ (အနိစ္စာနုပဿနာ)

## "သက္ကာယဒိဋ္ဌိ သိပုံပယ်ပုံ"

တရားစတင်အားထုတ်သူတို့သည် ပညတ်နယ်မှ ပရမတ်နယ် ရောက်အောင် နှလုံးသွင်းရသည်။ ပရမတ်နယ်တွင် ရုပ်တရား နာမ်တရား တို့သည် အကြောင်းတရားတို့ပြည့်စုံပါက အကျိုးတရားအနေဖြင့် မရှိရာမှ သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ သို့သော် အကြောင်းနှင့်အကျိုးကို တစ်ဆက်တည်း တစ်ခုတည်းသဘောယူလျှင် သဿတဒိဋ္ဌိဖြစ်၍ အကြောင်းနှင့်အကျိုးကို တစ်ခြားစီ ဘာမျှမသက်ဆိုင် သလို ပြတ်တယ်လို့ယူလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

အကျိုးတရားသည် အဗျာပါရအနေဖြင့် သူ့သဘောသူဆောင်၍

Generated by CamScanner from intsig.com

အသစ်အသစ် ဖြစ်ပေါ်နေသော်လည်း အကြောင်းတရားတို့၏ ကျေးဇူးပြုမှုနှင့် ကင်း၍မဖြစ်နိုင်ချေ။ ထိုသို့ အကြောင်းအကျိုးဖြစ်စဉ်ကို အနတ္တအမြင်ဖြင့် ကိုယ်ပိုင်သိမြင်ပါမှ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်မျိုးကိုပယ်နိုင်ပေမည်။ ပရမတ်နယ်တွင် ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးကို သိမြင်သောအခါ ရုပ်နာမ်ခန္ဓာအပေါ်တွင် အတ္တအမြင်မှ အနတ္တအမြင် (Subjective View to Objective View)သို့ ပြောင်းပြီး ပုဂ္ဂိုလ်၊ သတ္တဝါအဖြစ် စွဲယူထားမှုမှ ကင်းလွတ်ကာ အခိုင်အမာ အနှစ်သာရမရှိသော ဖြစ်တိုင်းချုပ်ပျောက်နေသော ဓမ္မသဘောသက်သက်သို့ ထိုးထွင်း သိမြင်သွားခြင်းဖြစ်သည်။ ဓမ္မသဘောတို့သည်လည်း ပဋိစ္စသမုပ္ပါဒ် အာဂန္တုခါတ် သက်သက်မျှသာ ဖြစ်သည်ဟု ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ချနိုင်ပေမည်။

**"ကာမသညာ သိပုံပယ်ပုံ"**

ပညတ်သညာနှင့် ပရမတ်သညာနှစ်မျိုးရှိ၏။ ပညတ်သညာသည် တကယ်မရှိသော အရာများဖြစ်သည်။ တစ်ဦးနှင့် တစ်ဦး ပြောဆိုဆက်ဆံရုံအတွက်သာ နာမည်ပေး ပညတ်ထားခြင်းဖြစ်သည်။ ဥပမာ - ကော်ဖီ၊ လ္ဘက်ရည်၊ မီး၊ ရေ၊ လေ၊ မြေ၊ ပုဂ္ဂိုလ်၊ သတ္တဝါစသည်တို့သည် အမည်ပညတ်မျှသာဖြစ်၍ တကယ်မရှိပါ။ သို့သော် သညာသည် ယင်းတို့ကိုလည်း မှတ်သားထားပါသည်။

ပရမတ်သညာသည် တကယ်ရှိသောအရာများကို အမည်ပေးပညတ်ထားခြင်းဖြစ်သည်။ ဥပမာ - ရုပ်၊ နာမ်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် စသည်တို့သည်လည်း နာမည်ပေးပညတ်ထားခြင်းဖြစ်သော်လည်း တကယ်ရှိသောတရားများ ဖြစ်ကြပါသည်။ ယင်းတို့ကိုလည်း သညာက မှတ်သားထားလေသည်။ သို့သော်



သညာသည် စိတ်နှင့်လည်းပေါင်း၏။ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)ပါ၏။ ပညာနှင့်လည်းပေါင်း၏။ (သမ္မာဒိဋ္ဌိ) ပါဝင်၏။

ပညာဖြင့် ဆင်ခြင်တတ်သော ဉာဏ်သည် ခံစားမှုသဘော၊ မှတ်သားမှုသဘော၊ အားထုတ်မှုသဘော၊ သိမှုသဘောစသည့် အရှိကိုအရှိအတိုင်း (သဘာဝတရား)တို့ကို ဉာဏ်ဖြင့် ထိုးထွင်းသိမြင်ပြီး ယင်းတို့အပေါ်မှာ ပညတ်တင်ထားသော ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်စသည့် အမည်တို့ကို ကျော်လွန်၍ ပရမတ်သဘောကိုလည်း ကောက်နိုင်လေသည်။ ပညတ်သညာသည် အမည်အမျိုးမျိုးနှင့် သဘာဝတရားအပေါ်တွင် ပညတ်တင်ထားခြင်း ဖြစ်သည်။ ပရမတ်သညာသည် သဘာဝအတိုင်း မြင်လျှင် အဆင်း (ရူပသညာ)၊ ကြားလျှင် အသံ (သဒ္ဒသညာ)၊ နံလျှင် အနံ့ (ဂန္ဓသညာ)၊ စားလျှင် အရသာ (ရသသညာ)၊ ထိလျှင် အထိ (ဖောဋ္ဌဗ္ဗသညာ) တွေးလျှင် သဘောတရား (ဓမ္မသညာ)တို့သာ ဖြစ်ကြပါသည်။

ဤသို့သိမြင်လျှင် ကာမသညာ (တဏှာဖြင့် စွဲယူနိုင်သော ပုဂ္ဂိုလ်၊ သတ္တဝါအမြင်) ချုပ်ပါသည်။ ထိုအခါ ကာမတဏှာ ချုပ်ငြိမ်းပြီး အနာဂါမ်အဆင့်သို့ တက်လှမ်းနိုင်ပေမည်။

**"သုခဝေဒနာ နှင့် ဒုက္ခဝေဒနာ"**

ကာယဒွါရသည် ဖောဋ္ဌဗ္ဗာရုံနှင့်သာ ဆက်ဆံပါသည်။ ဖောဋ္ဌဗ္ဗာရုံ၏ ကျေးဇူးပြုမှုကြောင့် သုခဝေဒနာ (ဝါ) ဒုက္ခဝေဒနာသည် ကာယဒွါရတွင် ဖြစ်ပေါ်လေသည်။ ထိုအခါ အနာဂါမ်ပုဂ္ဂိုလ်သည် သုခဝေဒနာ အပေါ်၌လည်း ဥပေက္ခာပြုနိုင်၏။ ဒုက္ခဝေဒနာ အပေါ်၌လည်း ဥပေက္ခာပြုနိုင်၏။ သို့သော် ထိုဥပေက္ခာဝေဒနာအပေါ်၌ တစ်ဖန်ပြန်၍ နှစ်သက်စွဲလမ်းနေသေး၏။ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့မှ တဏှာသို့ မကူးတော့သော်လည်း ဥပေက္ခာ

Generated by CamScanner from intsig.com

ဝေဒနာမှ တဏှာ၊ ဥပါဒါန်သို့ ကူးနေသေး၏။ ထို့ကြောင့် အနာဂါမ်ပုဂ္ဂိုလ် ကွယ်လွန်ပါက ဥပါဒါန်ကြွင်းကျန်နေသဖြင့် ဗြဟ္မာဘုံ (သုဒ္ဓါဝါသဘုံ)တွင် ဖြစ်ကြရလေသည်။

ထို့အတူ မျက်စိ၊ နား၊ နှာ၊ လျှာတို့တွင် သက်ဆိုင်ရာ ဝိညာဏ်တို့နှင့် အတူယှဉ်တွဲ၍ ဖြစ်ပေါ်နေသော ဥပေက္ခာဝေဒနာအပေါ်၌လည်း ဒုက္ခ ပရိညာ မပြည့်စုံသေးပါ။ ဒုက္ခကို ဉာဏ်ဖြင့်အပြီးတိုင် မမြင်နိုင်သေးပေ။ ထို့ကြောင့် မာနဖြင့် စွဲလမ်းမှု ဥပါဒါန် ကျန်နေသေးခြင်းဖြစ်ပါသည်။

**"သစ္စါရဒုက္ခ အပြည့်အစုံသိပုံ"**

အနာဂါမ်ဖြစ်ပြီးသော်လည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးအပေါ်တွင် ငါဖြစ်တယ်လို့ မယူတော့သော်လည်း ငါယောင်ယောင် (မာန) ကျန်နေသေး၏။ ဉာဏ်ရင့်သန်လာသောအခါမှ ဝိညာဏ်၏ အနိစ္စလက္ခဏာကို ပိုင်ပိုင် သိမြင်ပြီး မာနကိုပယ်နိုင်ခြင်းဖြစ်သည်။ ငါမြင်တယ်လို့ ဝိညာဏ်ကို ငါဥစ္စာ ပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူနေသော အသိမှားခြင်း (မာန)ကို ပယ်နိုင်ခြင်းကြောင့် ကိလေသာအားလုံးမှလည်း အပြီးတိုင်လွတ်မြောက် လေသည်။

ထိုအခါ မျက်စိ၊ နား၊ နှာ၊ လျှာတို့တွင် သက်ဆိုင်ရာ ဝိညာဏ်တို့နှင့် အတူယှဉ်တွဲ၍ ဖြစ်ပေါ်နေသော ဥပေက္ခာဝေဒနာအပေါ်၌လည်း ဒုက္ခ ပရိညာကို အပြည့်အစုံသိမြင်ပြီး ဥပေက္ခာဝေဒနာ၌လည်း တဏှာ ဥပါဒါန် အကြွင်းအကျန်မရှိ ချုပ်ငြိမ်းကာ ဝေဒနာအားလုံးမှ အပြီးတိုင် လွတ်မြောက် လေတော့သည်။

ဒေါက်တာစိုးလွင် (မန္တလေး)